# MYANTRADE
# ဈေးကွက်သတင်းလွှာ

myantrade

အမှတ်စဉ် ၅/၂၀၂၃

## ၂၀၂၃ ခုနှစ်၊ မေလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- သင်္ကြန်ကာလတွင် ဝါးနှင့်ကြိမ်ပစ္စည်း အရောင်းအဝယ်ကောင်းခဲ့ပြီး ဧပြီလကုန်ပိုင်းအထိ မှာယူမှုများပြား
- သင်္ကြန်ရက်နောက်ပိုင်း ကြက်သွန်နီဈေးတရိပ်ရိပ်တက်
- အိန္ဒိယ၊ တရုတ် ဝယ်လိုအားတွေနဲ့အတူ စံချိန်တင် မြင့်တက်နေတဲ့ ပဲဈေးများ

### နိုင်ငံတကာဈေးကွက်

- ၃ လတာတွင် ကမ္ဘောဒီးယားနိုင်ငံ ရော်ဘာ ဒေါ်လာ ၁၆၈ သန်းဖိုး ပြည်ပတင်ပို့ခဲ့
- ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ဝန်ကြီးဌာနက ပြည်တွင်းထွက်ကုန်ဈေးနှုန်းများ တည်ငြိမ်စေရန် အစီအမံ (၂၂) ခုကို ဆွေးနွေး
- BIOFACH 2024 အား လာမည့်နှစ် ဖေဖော်ဝါရီလအတွင်း ဂျာမနီနိုင်ငံ၊ Nuremberg မြို့တွင် ကျင်းပမည်
- ၂၀၂၃ ခုနှစ်၊ ပထမသုံးလပတ်တွင် ကမ္ဘာ့ကုန်စည်ကုန်သွယ်မှု ၁ ရာခိုင်နှုန်း တိုးမြင့်လာနိုင်မှု အလားအလာမှာ မသေချာကြောင်း ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညီလာခံ (UNCTAD) က ပြောကြား
- ဂျပန်နိုင်ငံ၏ ဇီဝလောင်စာနှင့်စပ်လျဉ်းသည့် မူဝါဒအသစ်ကြောင့် အမေရိကန်မှ အီသနောတင်ပို့သူများ ဈေးကွက်ပိုမိုရရှိလာမည်
- ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိန္ဒိယနိုင်ငံနှင့် ရူပီးဖြင့် ကုန်သွယ်မှုပြုမည့် ၁၉ ခုမြောက် နိုင်ငံဖြစ်လာ
- ၂၀၂၂ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေမှာ ယန်း ၂၁ ဒသမ ၇၃ ထရီလီယံ အထိ ဖြစ်ပေါ်ကာ စံချိန်တင်မြင့်တက်ခဲ့
- ရုရှားနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအကြီးအကဲက အိန္ဒိယကုမ္ပဏီများ၏ ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုမှုအခြေအနေများအား ပြောကြားခဲ့
- လက်ရှိ နိုင်ငံတကာငွေကြေးစနစ်တွင် တရုတ်ယွမ်ငွေ (RMB) ၏ လွှမ်းမိုးမှု တိုးလာ
- ထိုင်းနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်သွားမည်
- ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကမ္ဘာတစ်ဝှမ်း တွေ့ကြုံနေရသည့် စီးပွားရေးစိန်ခေါ်မှုများ ဖြေရှင်းရာတွင် ပါဝင်ကူညီမည်ဟု ညွှန်ကြားရေးမှူးချုပ်ပြောကြား
- တောင်ကိုရီးယားနိုင်ငံ၏ GDP တွင် နိုင်ငံ၏ကြွေးမြီပါဝင်မှုအချိုး ထပ်မံမြင့်မားလာနိုင်သည်ဟု IMF ကခန့်မှန်း

### ပြည်တွင်းကုန်သွယ်မှုသတင်း

- 2nd Ho Chi Minh City International Exhibition on the Food and Beverage Industry 2023" သို့ မြန်မာနိုင်ငံမှ လုပ်ငန်းများ ပါဝင်ပြသရန် ဖိတ်ကြား
- ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသောထုတ်ကုန်(အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက်အဆင့်မြှင့် တင်ထုတ်လုပ်ခြင်းစီမံကိန်း (Value Chain upgrading of Potential Fruit (Coconut) in Ayeyarwaddy Region) စတင်သည့်အခမ်းအနားကျင်းပခြင်း

### ပြည်ပကုန်သွယ်မှုသတင်း

- မြန်မာနိုင်ငံမှ ဆန်တန်ချိန်အများအပြား အင်ဒိုနီးရှားနိုင်ငံမှ ဝယ်ယူမည်
- ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပျားရည် ၁,၉၀၀ တန်ကျော်တင်ပို့နိုင်ခဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၃၁၆
http://www.myantrade.org
myantradetir2018@gmail.com

- ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအထောက်အပံ့ဆိုင်ရာ သဘောတူညီချက်ကို အမေရိကန်ပြည်ထောင်စုက သဘောတူလက်ခံခြင်း
- တနင်္သာရီတိုင်းဒေသကြီးမှ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၂၆၂ သန်းကျော် ရရှိပြီးဖြစ်
- ပို့ကုန်ပဲများ ဈေးဆက်လက်မြင့်တက်လာသော်လည်း တရုတ်လိုင်းတင်ပို့သည့် ပဲနှမ်းအချို့ ဈေးကျဆင်းနေ
- “East-West Economic Corridor (EWEC) International Trade, Tourism, and Invetment Fair-Da Nang 2023” သို့ မြန်မာနိုင်ငံမှ လုပ်ငန်းများ ပါဝင်ပြသရန်ဖိတ်ကြား
- ကမ္ဘာ့သကြားဈေး မြင့်တက်နေသည့်အတွက် ပြည်တွင်းသကြားဈေးလိုက်လံမြင့်တက်

**အထူးဆောင်းပါး**

- အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမူဝါဒသစ်သည် ပြည်တွင်းကုန်ထုတ်လုပ်မှုကို ပိုမိုမြှင့်တင်ပေးနိုင်မည်

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### သင်္ကြန်ကာလတွင် ဝါးနှင့်ကြိမ်ပစ္စည်း အရောင်းအဝယ်ကောင်းခဲ့ပြီး ဧပြီလကုန်ပိုင်းအထိ မှာယူမှုများပြား

မြန်မာ့နှစ်ကူးသင်္ကြန်ကာလတွင် ပြည်တွင်းလက်မှုပစ္စည်းဖြစ်သော ဝါးနှင့်ကြိမ်ကုန်ချောပစ္စည်းများဖြစ်သည့် နီးဦးထုပ်၊ နီးခမောက်၊ ဝါးပစ္စည်းနှင့် ကြိမ်ကုန်ချောပစ္စည်းမှာယူရာ၌ ဝယ်လိုအားနှင့် ထုတ်လုပ်မှုမမျှသည်အထိ အရောင်းအဝယ်ကောင်း ခဲ့ရာ ဧပြီလကုန်ပိုင်းအထိ လက်ကားဒိုင်များက မှာယူမှုများပြားလျက်ရှိကြောင်း ရေဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ လက်မှုပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များထံမှ သိရသည်။

ရေဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော ဝါးပစ္စည်း၊ ကြိမ်ပစ္စည်းနှင့် ဗေဒါတို့မှထုတ်လုပ်သည့် လက်မှုပစ္စည်းများကို မြန်မာပြည်တစ်ဝန်းမှ မှာယူရာ၌ ကုန်ကြမ်းပစ္စည်း ဈေးနှုန်းမြင့်တက်ခြင်း၊ လုပ်သားရှားပါးခြင်းနှင့် လုပ်အားခမြင့်တက်လာခြင်းတို့ ကြုံတွေ့ရသော်လည်း ခရီးသွားရာသီတစ်လျှောက်နှင့် သင်္ကြန်ကာလအတွင်း ခရီးသွားများခဲ့၍ ဝယ်လိုအားမြင့်တက်ခဲ့ပြီး အရောင်းအဝယ်ကောင်းခဲ့ကာ ပုဂံ၊ အင်းလေးနှင့်သံတွဲမြို့များသို့ အများဆုံး တင်ပို့ခဲ့ရကြောင်း သိရသည်။

အထူးသဖြင့် ဧပြီလတွင် အပူရှိန်တိုးလာမှုကြောင့် အပူဒဏ်ကာကွယ်သည့်အနေဖြင့် အမျိုးသားဆောင်း၊ အမျိုးသမီးဆောင်းနီးဦးထုပ်မျိုးစုံ အဝယ်လိုက်ခဲ့ပြီး ဧပြီလ သင်္ကြန်ကာလ ပြီးဆုံးသည့်တိုင် မြန်မာပြည်ခရီးသွားဒေသတို့မှ ယနေ့အချိန်ထိ မူရင်း လက်ကားဒိုင်သို့ အပြိုင်အဆိုင် မှာယူကြဆဲဖြစ်ရာ ယမန်နှစ်ကထက် ရေဝတီတိုင်းဒေသကြီးရှိ လက်မှုပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများနှင့် ခရီးသွားဒေသတို့မှ အရောင်းဆိုင်များ စီးပွားရေးအခွင့်အလမ်း များစွာ ပွင့်လန်းခဲ့သည်။

“ဒီနှစ်မှာ နီးနဲ့ဝါးပစ္စည်းမှာယူမှု များခဲ့တယ်။ ဒီနေ့အထိလည်းမှာနေဆဲပဲ။ သူတို့မှာသလောက်မထုတ်နိုင်ဘူးဖြစ်နေတယ်။ ဒီပညာကို တတ်ကျွမ်းတဲ့ လုပ်သားရှားပါးလာတာကြောင့်ပါ။ အရင်က နေ့စားလုပ်အားခ တစ်ရက် ငွေကျပ် ၄၀၀၀ ပေးရရင် အခု ငွေကျပ် ၇၀၀၀ ပေးရတယ်။ အမှာစာများတဲ့ အတွက်လည်း ပေးနိုင်ပါတယ်။ အဓိက လုပ်သားရှားလာ တာကြောင့် မှာသလောက် ကုန်ချောပစ္စည်း မထုတ်ပေးနိုင်ဘူး ဖြစ်နေတာပါ။”

“ကုန်ကြမ်းပစ္စည်းက မရှားဘူး။ ဝယ်လိုအားနဲ့ ထုတ်လုပ်မှုမမျှတာပါ။ သင်္ကြန်ကာလ မတိုင်မီ၊ သင်္ကြန် ကာလနဲ့ သင်္ကြန်ပြီးသွားပေမဲ့ နီးဦးထုပ်နဲ့ဝါးနဲ့ပတ်သက်တဲ့ပစ္စည်းက အဝယ်လိုက်နေဆဲပါပဲ။ အရောင်းအဝယ်ကောင်းတဲ့နှစ်လို့ ပြောရမှာပါ။ အပူရှိန်ကာကွယ်တဲ့ အနေနဲ့ နီးဦးထုပ် အသုံးပြုမှု များလာတာ လည်းပါပါတယ်။”

“ရေဝတီတိုင်းမှာ ဝါးပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းရှင် နည်းတယ်။ တစ်နိုင်ငံလုံးကိုဒီတိုင်းဒေသကြီး တစ်ခုတည်းက တင်ပို့နေတာပါ။ သင်္ကြန်ကာလမှာ ငပလီ၊ သံတွဲ၊ အင်းလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ ပင်းတယ၊ မော်လမြိုင်က မှာယူမှု များတယ်။ ကျန်တဲ့ဒေသတွေလည်း မှာကြပါတယ်။”

“မြန်မာ့လက်မှုပစ္စည်း အရည်အသွေးဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ ရင်ပေါင်တန်း နိုင်တာကြောင့် အာဆီယံနိုင်ငံတွေကို အရည်အသွေးကောင်းပြီး သင့်တင့်တဲ့ဈေးနှုန်းနဲ့ တင်ပို့နိုင်တဲ့ ဈေးကွက်တစ်ခုရှိမယ်ဆိုရင် မြန်မာ့ရိုးရာလက်မှုပညာ ပိုတိုးတက်ပြီး ဈေးကွက်ခိုင်မာမှု ရှိမယ်ဆိုရင် အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ပိုရလာမှာပါ” ဟု ငါးသိုင်းချောင်းမြို့မှ ဝါး/ကြိမ် လက်မှုပစ္စည်းလုပ်ငန်းရှင် ဦးအောင်လွင်က ပြောသည်။

ရေဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့မှ ထုတ်လုပ်သော နီးဦးထုပ်နှင့် ခေတ်ပေါ်ဝါးပစ္စည်းသည် နာမည်ကြီးပြီး တစ်နှစ်လျှင် ငါးသိုင်းချောင်း နီးဦးထုပ် သိန်းချီ၍ ထုတ်လုပ်လျက်ရှိသည်။ ဝါးနှင့်ပတ်သက်သော ပစ္စည်းအမည် ၂၀ ကျော်၊

ကြိမ်ပစ္စည်းအမည် ၃၀ ခန့်နှင့် ဗေဒါပင်မှ လူသုံးကုန် လက်မှုပစ္စည်းများကို ထုတ်လုပ်လျက်ရှိရာ နိုင်ငံခြားသားများ အထူးနှစ်ခြိုက်လျက်ရှိသည်။

ပြည်တွင်းဈေးကွက်တွင် ဝါးမှထုတ်လုပ်သော ဝါးဦးထုပ်အမျိုးမျိုး၊ ဝါးဆွဲခြင်း၊ ဝါးတစ်သျှူးဘောက်၊ ဝါးဘောလ်ပင်အိမ်၊ ဝါးပန်းဆိုင်၊ ဝါးခွက်၊ ဝါးဇွန်း၊ ဝါးဆေးတံ အပါအဝင်လူသုံးကုန်ပစ္စည်းများနှင့် ကြိမ်ပစ္စည်းဖြစ်သော ကြိမ်ဗန်း၊ တစ်သျှူးဘောက်၊ ကြိမ်ဆွဲခြင်း၊ ကြိမ်ထိုင်ခုံနှင့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိပြီး ဝါးပစ္စည်းထုတ်လုပ်ရန် တင်းဝါးကို အသုံးပြု၍ ကြိမ်ပစ္စည်းထုတ်လုပ်ရန် ရေငန်ဒေသများမှ ကြိမ်ကို အသင့်ရရှိလျက်ရှိသည်။ ဝါးနှင့်ကြိမ် ကုန်ချောပစ္စည်းများကို ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ ပင်းတယ၊ မော်လမြိုင်၊ ရခိုင်ဒေသနှင့် ကျန်သော ခရီးသွားဒေသများသို့ တင်ပို့လျက်ရှိပြီး လက်မှုပစ္စည်းဖြစ်သောကြောင့် လုပ်သားများ၏ ထုတ်လုပ်မှုပေါ်တွင် မူတည်လျက်ရှိ၍ အပူရှိန်တိုးလာသော ဧပြီလ၌ နီးဦးထုပ်များနှင့် အအေးဓာတ်ရှိသော ကြိမ်ပစ္စည်း မှာယူမှုများပြားနေဆဲဖြစ်ကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/39674

## သင်္ကြန်ရက်နောက်ပိုင်း ကြက်သွန်နီဈေး တရိပ်ရိပ်တက်

မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူ ဆိပ်ဖြူ ရေနံချောင်းနှင့် မင်းဘူးမြို့နယ်တို့တွင် ကြက်သွန်နီကို အများဆုံး စိုက်ပျိုးကြရာ အရည်အသွေးကောင်း ကြက်သွန်နီများ စိုက်ပျိုးထွက်ရှိရာ နေရာလည်းဖြစ်ပါသည်။ ယခုအချိန်သည် ဆောင်းကြက်သွန်နီ(အပင်စိုက်)များ လှိုင်လှိုင်ပေါ်ထွက်နေချိန် ဈေးကွက်ထဲသို့ အလုံးအရင်း ဝင်ရောက်လာကာ လှောင်လက်သမားများ ဝယ်လိုအားကောင်းနေတဲ့အတွက် ဈေးနှုန်းတစ်ရိပ်ရိပ်တက်နေကြောင်း သိရှိရပါသည်။ ကြက်သွန်နီသည် စားဖိုဆောင်သုံး သီးနှံဖြစ်သည်နှင့်အညီ အိမ်ရှင်မများအတွက် မရှိမဖြစ်လိုအပ်သည့် သီးနှံလည်းဖြစ်ပါသည်။ ဆောင်းကြက်သွန်နီသည် ကြာရှည် အထားခံသည့်အတွက် အိမ်ရှင်မများအကြိုက်တွေ့စေသည့်အပြင် သိုလှောင်သည့်လုပ်ငန်းရှင်များအတွက်လည်း အဆင်ပြေစေမည် ဖြစ်ပါသည်။

သင်္ကြန်မတိုင်မီရက်များတွင် ကြန်သွန်နီ တစ်ပိဿာလျှင် (၉၀၀-၁၀၀၀) ကျပ်ဈေးသာရှိသော်လည်း သင်္ကြန်ရက်နောက်ပိုင်းတွင် ကြက်သွန်နီ တစ်ပိဿာလျှင် (၁၅၀၀ ) ကျပ်ဈေးအထိ ဈေးကောင်းရကာ တစ်ပိဿာလျှင် (၅၀၀) ကျပ်အထိ တစ်ရိပ်ရိပ်တက်လာနေကြောင်းနှင့် တစ်ပတ်အတွင်း အဝင်ပိဿာချိန် (၅၂၃၀၀၀) အထိ ဈေးကွက်သို့ဝင်ရောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါသည်။

Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## အိန္ဒိယ၊ တရုတ် ဝယ်လိုအားတွေနဲ့အတူ စံချိန်တင် မြင့်တက်နေတဲ့ ပဲဈေးများ

အိန္ဒိယဘက်သို့ အဓိကပို့ကုန်အဖြစ်ရှိနေတဲ့ မတ်ပဲ၊ ပဲစင်းငုံဈေးတွေဟာ ဒီတစ်ပတ်ထဲမှာတော့ ပြီးခဲ့တဲ့ နှစ်က ဖြစ်ခဲ့တဲ့ စံချိန်တင်ဈေးတွေကိုပါ ချိုးသွားတဲ့အထိ မြင့်တက်ခဲ့သလို တရုတ်ဘက်က ဝယ်ယူမှုရှိနေတဲ့ ပဲတီစိမ်းဈေးဟာလည်း မြင့်တက်လာခဲ့ပါတယ်။

**မတ်ပဲ**

မတ်ပဲက ပိတ်ရက်အပြီးကတည်းက ဈေးတွေမြင့်တက်နေတာဖြစ်ပြီး ဒီတစ်ပတ်မှာတော့ မမျှော်မှန်းထားတဲ့ ဈေးတန်းတစ်ခုထိကို ရောက်သွားတာပါ။

အိန္ဒိယနိုင်ငံရဲ့ ပဲလိုအပ်ချက်ကြောင့် အိန္ဒိယနိုင်ငံတွင်းမှာပါ ဈေးတွေက မြင့်တက်နေခဲ့တာဖြစ်ပြီး ပဲတင်သွင်းတင်ပို့သူတွေရဲ့ ဈေးကစားသိုလှောင်တာတွေကြောင့်လည်း ဈေးကဆက်တိုက်မြင့်တက်နေတာဖြစ်တယ်လို့ အိန္ဒိယအစိုးရပိုင်းတာဝန်ရှိသူတွေဘက်က ပြောဆိုထားကြောင်း အိန္ဒိယသတင်း တစ်ပုဒ်မှာ ဖော်ပြထားပါတယ်။

ဒါကြောင့် သိုလှောင်ဈေးကစားတာတွေနဲ့ပတ်သက်ပြီး စောင့်ကြည့်အရေးယူမယ်လို့ အိန္ဒိယအစိုးရက ထုတ်ပြန်ထားကာ စိစစ်ဆောင်ရွက်နေပေမဲ့ အိန္ဒိယဘက်ကို ပဲအဝင်နည်းတာ၊ မုတ်သုံကြောင့် ပဲ အထွက်နှုန်းလျော့နည်းတာတွေက ဈေးတွေကို ပိုမိုမြင့်တက်နေစေခဲ့တာ ဖြစ်တယ်လို့လည်း AMIA က ဆိုထားပါတယ်။ ဒီနေ့ ဧပြီ ၂၈ ရက်မှာတော့ ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ(FAQ/RC) တစ်တန်(၃၁.၁ တင်းခန့်) ကို ၂၁၈၃၀၀၀ ကျပ် ပေါက်ဈေးရှိပြီး ယခုတစ်ပတ်အတွင်း တစ်တန်ကို ၁၁၃၀၀၀ ကျော် ဈေးမြင့်တက် လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း တစ်အိတ်(ပိဿာ ၆၀)ကို ၂၀၈၀၀၀ ကနေ ၂၀၈၅၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၅၀၀ လောက် ဈေးမြင့်တက်ပါတယ်။

မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက် တို့မှာလည်း မတ်ပဲ က တစ်တင်း (ပိဿာ ၂၀) ကို ၆၆၀၀၀ ကနေ ၆၉၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်တင်းကို ၁၀၀၀ကနေ ၃၀၀၀ ကြား ဈေးတက် လာပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဈေးကွက်ထဲ ပဲမရှိပေမဲ့ ဈေးတွေကတော့ အမြင့်ဈေးတွေနဲ့ဖွင့်ထားတယ်လို့ ပဲကုန်သည်တွေ ထံကနေသိရပါတယ်။ ကြိုက်ရောင်းကြိုက်ဝယ်အနေအထားမှာရှိနေပြီး အမှန်တကယ် ငွေလိုအပ်နေသူများကသာ ထုတ်ရောင်း မှုတွေလုပ်ကြတယ်လို့ ကုန်သည်အချို့က ဆိုပါတယ်။ ပိတ်ရက်အပြီး မှာတော့ ဈေးက အကျဈေးနဲ့ ရှိခဲ့ပေမဲ့ ဒီတစ်ပတ်မှာ တော့ မတ်ပဲနည်းတူ ဈေးအနည်းငယ် ပြန်မြင့်တက် လာခဲ့တာ ဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၂၄၅၀၀၀၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ၈၀၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၂၃၂၀၀၀ ရှိပြီး ၇၀၀၀ ကျပ် ဈေးတက်လာပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ မုံရွာနဲ့ အောင်လံဈေးကွက်တွေမှာတော့ တစ်တင်းကို ၇၇၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၂၀၀၀ လောက် ဈေးတက်လာပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ရန်ကုန်ဈေးကွက်မှာ ဈေးငြိမ်နေပေမယ့် နယ်ဈေးကွက်တွေမှာတော့ ဈေးတွေ မြင့်တက်နေပါတယ်။ တရုတ်ဝယ်ယူမှုလည်း ရှိနေပြီး အခြားပဲတွေ ဈေးမြင့်တက်လာတဲ့အတွက် ပဲတီစိမ်းကလည်း လိုက်ပါဈေးမြင့်တက်လာတာလို့ ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲတီစိမ်း(ခရမ်းရွှေဝါ)က တစ်ပိဿာကို ၃၇၅၀ ကျပ်၊ပဲတီစိမ်း(ပဲခူးရွှေဝါ)က တစ်ပိဿာကို ၃၅၈၀ ကျပ်၊ ပဲတီစိမ်း(ဝါးခယ်မ)က တစ်ပိဿာကို ၂၂၁၅ ကနေ ၂၂၇၀ ကျပ် နဲ့ ဈေးငြိမ်နေပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်းက တစ်အိတ်(ပိဿာ ၆၀)ကို ၁၈၅၀၀၀ ကနေ ၂၂၅၀၀၀ ပေါက်ဈေး ရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးတက်လာပါတယ်။

ပခုက္ကူဈေးကွက်မှာတော့ တစ်တင်းကို ၆၉၆၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၄၀၀၀လောက် ဈေးမြင့်တက်လာ ပါတယ်။

မော်လမြိုင်ဈေးကွက်မှာတော့ တစ်တင်းကို ၄၉၀၀၀ ကနေ ၆၈၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၃၀၀၀ ကျပ် ဈေးတက်လာတယ်လို့ သိရပါတယ်။

Source: https://greenwaymyanmar.com/posts/Pulses_Market_Apr_28

## နိုင်ငံတကာဈေးကွက်

### ၃ လ တာတွင် ကမ္ဘောဒီးယားနိုင်ငံ ရော်ဘာ ဒေါ်လာ ၁၆၈ သန်းဖိုး ပြည်ပတင်ပို့ခဲ့

ကမ္ဘောဒီးယားနိုင်ငံမှ ရော်ဘာတင်ပို့မှုသည် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ် ပထမ သုံးလပတ်တွင် ၄၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၁၆၈ သန်းရရှိခဲ့သည်။ ယခင် ၂၀၂၂ ခုနှစ် ပထမ သုံးလပတ်တွင် သဘာဝရော်ဘာနှင့် ရော်ဘာပစ္စည်းများ တင်ပို့မှုမှ ရရှိသည့်ဝင်ငွေမှာ ကန်ဒေါ်လာ ၁၁၇ သန်းမျှသာ ရှိခဲ့ပါသည်။ အကောက်ခွန်ဌာန၏ နောက်ဆုံးရ ကုန်သွယ်မှုအချက်အလက်များ အရ ၂၀၂၃ ခုနှစ် မတ်လတွင် ရော်ဘာတင်ပို့မှုမှ ကန်ဒေါ်လာ ၅၅ သန်းရရှိခဲ့သည်။ ကမ္ဘောဒီးယားရော်ဘာသည် ပြည်ပဈေးကွက်များတွင် တရုတ်၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ အိန္ဒိယနှင့် ဥရောပသမဂ္ဂတို့ ပါဝင်သည်။

သဘာဝရော်ဘာ natural rubber (NR) အများဆုံး ထုတ်လုပ်သည့် နိုင်ငံများတွင် ထုတ်လုပ်မှုကျဆင်းခဲ့သည်။ အရွက် ရောဂါပျံ့နှံ့မှု၊ ရာသီဥတုမမှန်ခြင်း၊ ရာသီဥတုပူပြင်းလာခြင်းနှင့် သွင်းအားစုကုန်ကျစရိတ်မြင့်တက်လာသဖြင့် ဓာတ်မြေဩဇာ လျှော့သုံးခြင်းတို့ကြောင့် ရော်ဘာအထွက်နည်းသွားခဲ့သည်။ International Rubber Consortium (IRCo) ၏ အဆိုအရ မိုးခေါင်ရေရှားမှုအခြေအနေနှင့် မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့မှ ရော်ဘာခြံလုပ်သားများ မရရှိခြင်းတို့ကြောင့် ထုတ်လုပ်မှု ကျဆင်းနေမည်ဖြစ်သည်။

ထို့ပြင် ထိုင်းနိုင်ငံတွင် NR ထုတ်လုပ်မှုသည် ၂၀၂၃ ခုနှစ် ဖွန်လအထိ အစေးရရှိခြင်း နည်းပါးနေမည်။ သို့ဖြစ်ရာ ယခုနှစ် ပထမနှစ်ဝက်အတွင်း လျော့နည်းသွားဖွယ်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ အင်ဒိုနီးရှားနှင့် မလေးရှား တို့တွင်

လည်း အလားတူပင် ဖြစ်သဖြင့် ၂၀၂၃ ပထမနှစ်ဝက်တွင် ဒေသတွင်း ရော်ဘာထုတ်လုပ်မှု ၁၀ ရာခိုင်နှုန်း ဝန်းကျင်လျော့ကျမည်ဟုဆိုသည်။

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်းနှင့် မလေးရှားတောင်ပိုင်းရှိ စိုက်ခင်းများတွင် ကျရောက်နေသော 'အရွက်ရောဂါ'ကြောင့် NR ဈေးကွက်ထဲ ရောက်ရှိမှုသည် လာမည့်လများအတွင်း လျော့နည်းနေဦးမည်ဟု သဘာဝရော်ဘာ ထုတ်လုပ်သောနိုင်ငံများအသင်း Natural Rubber Producing Countries (ANRPC) မှ ပြောကြားခဲ့သည်။ ရော်ဘာစိုက်ခင်းငယ်ပိုင်ရှင်များသည် ရော်ဘာစိုက်ပျိုးရန် တွက်ခြေမကိုက်သဖြင့် စိုက်ပျိုးခြင်းမပြုကြတော့သဖြင့် ရော်ဘာစိုက်သည့်ဧရိယာ လျော့နည်းလာနေခြင်းကြောင့်လည်း ရော်ဘာ ထုတ်လုပ်မှုလျော့ကျလာနေသည်။

၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့သဘာဝရော်ဘာ (NR) ဈေးကွက်အတွက် ကြိုတင်ခန့်မှန်းချက်များမှာ တန်ချိန် ၁၄ ဒသမ ၉၆၄ သန်း ထွက်ရှိရန် မျှော်မှန်းထားပြီး သုံးစွဲမှုမှာ တန်ချိန် ၁၄ ဒသမ ၇၈၃ သန်းရှိမည်။ Source: Khmer Times

Source: https://www.industrialdirectory.com.mm/article/rubber-exports.html

## ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ဝန်ကြီးဌာနက ပြည်တွင်းထွက်ကုန်ဈေးနှုန်းများ တည်ငြိမ်စေရန် အစီအမံ (၂၂) ခုကို ဆွေးနွေး

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ထိုင်းသစ်သီးတင်ပို့မှုကို ၁၀ ရာခိုင်နှုန်း မြှင့်တင်ရန် ရည်မှန်းချက်ဖြင့် ပြည်တွင်းသစ်သီးဈေးနှုန်းများကို ထိန်းသိမ်းရန်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်ထုတ်လုပ်မှု ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်ရှာဖွေရေးနှင့် ဥပဒေရေးရာကိစ္စရပ်များ အပါအဝင် ကဏ္ဍပေါင်းစုံတွင် သက်ဆိုင်ရာအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိသောကြောင့် ဝန်ကြီး၏ လက်ထောက်ဖြစ်သူ Ms. Sansern Samalapa က ဦးဆောင်ပြီး အစိုးရအေဂျင်စီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လယ်သမားများ၊ လက်လီလက်ကားရောင်းချသူများ၊ ဓာတ်ဆီဆိုင်များ၊ လေကြောင်းလိုင်းများ၊ ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် အစည်းအဝေးတစ်ခု ကျင်းပကာ ထိုင်းပို့ကုန်များ၏ ဈေးနှုန်းတည်ငြိမ်စေရေး ကျင့်သုံးဆောင်ရွက်မည့် အစီအမံ (၂၂) ခု ကိုဆွေးနွေးခဲ့ကြသည်။

ယခုအခါ ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးအလေ့ကျင့်ကောင်းလက်မှတ် GAP ရရှိစေရန် ကောက်ပဲသီးနှံ အမျိုးအစားပေါင်း ၁၂၀,၀၀၀ အတွက်ဆောင်ရွက်နေပြီး လယ်ယာများမှထွက်ကုန် တန်ချိန် တစ်သိန်း ကြိုတင်ဝယ်ယူရေး စာချုပ်ချုပ်ဆိုထားကာ တန်ချိန် ကိုးသောင်းကို တစ်ကီလိုဂရမ် လျှင် ၃ ဘတ်နှုန်းဖြင့် ပို့ဆောင်ရန် ဆောင်ရွက်နေကြောင်း၊ ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လတ်ဆတ်သောသစ်သီးများနှင့် ပြုပြင်လုပ်ထားသော သစ်သီးများ တင်ပို့မှုကို ယခင်နှစ်ထက် ၁၀ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့ရန် ရည်ရွယ်ထားပြီး ရည်မှန်းချက်ပမာဏ တန်ချိန် ၄ ဒသမ ၄၄ သန်းဖြစ်ကြောင်း pattayamail.com မှ သိရှိရပါသည်။ Source: https://www.commerce.gov.mm

Source: https://myantrade.gov.mm/article/Naypyitaw_19042023_1032

## BIOFACH 2024 အား လာမည့်နှစ် ဖေဖော်ဝါရီလအတွင်း ဂျာမနီနိုင်ငံ၊ Nuremberg မြို့တွင် ကျင်းပမည်

Organic စားသောက်ကုန်များနှင့် စိုက်ပျိုးရေးထုတ်ကုန်များအတွက် ကမ္ဘာ့အကြီးဆုံးထိပ်တန်း ကုန်စည်ပြပွဲကြီးဖြစ်သည့် BIOFACH 2024 ကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၁၃ ရက်မှ ၁၆ ရက်ထိ ဂျာမနီနိုင်ငံ၊ Nuremberg မြို့တွင် လေးရက်တိုင်တိုင်ကျင်းပသွားမည်ဖြစ်သည်။

BIOFACH ကို Nuremberg Messe GmbH က ကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိရာ ၁၄-၂-၂၀၂၃ မှ ၁၇-၂-၂၀၂၃ ရက်အထိ ကျင်းပခဲ့သော BIOFACH 2023 သို့ နိုင်ငံပေါင်း (၁၃၅) နိုင်ငံမှ စိတ်ပါဝင်စားသူ (၃၆၀၀၀) နီးပါးခန့် လာရောက်ကြည့်ရှုလေ့လာခဲ့ကြပါသည်။

ယင်းကုန်စည်ပြပွဲကြီးတွင် နိုင်ငံပေါင်း (၉၅) နိုင်ငံမှ လာရောက်ပြသသူ (၂၇၆၅) ဦးက အော်ဂဲနစ် စားသောက်ကုန်များနှင့် အလှကုန်ပစ္စည်းများကို ပြခန်းများနှင့် Digital event platform များဖြင့် ခင်းကျင်းပြသခဲ့ကြရာ နိုင်ငံတကာမှ အော်ဂဲနစ်စားသောက်ကုန်များနှင့် သဘာဝအလှကုန် ပစ္စည်းများထုတ်လုပ်သည့် စက်ရုံများမှ ကိုယ်စားလှယ်များအချင်းချင်း တွေ့ဆုံခွင့်ရရှိခဲ့ကြသဖြင့် အမြင်ခြင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ပြီး အနာဂတ်ကာလကို ပုံဖော်နိုင်ခဲ့ကြပါသည်။

၂၀၂၂ ခုနှစ်က ကျင်းပခဲ့သော BIOFACH 2022 သို့ မြန်မာနိုင်ငံမှ လက်ဖက်ကုမ္ပဏီများက ပြခန်းများခင်းကျင်းပြသခြင်းနှင့် Digital Event Platform များမှတစ်ဆင့် ပြသခြင်းများ ပါဝင်ဆောင်ရွက်ခဲ့သကဲ့သို့ Trade Visitors အဖြစ် ကြည့်ရှုလေ့လာမှုများလည်းရှိခဲ့ပါသည်။

BIOFACH တွင် အော်ဂဲနစ်စျေးကွက်များမှ ထုတ်လုပ်သူများနှင့်တွေ့ဆုံခွင့်ရရှိနိုင်ပြီး အော်ဂဲနစ်ကဏ္ဍ၏ Latest Trends များကိုပါ စိတ်ပါဝင်စားစွာ လေ့လာနိုင်သဖြင့် မြန်မာနိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်သော ကုမ္ပဏီများအနေဖြင့် လာရောက်လေ့လာပြသသင့်သော ကုန်စည်ပြပွဲကြီး တစ်ခုဖြစ်ပါကြောင်း သိရှိရပါသည်။

Source: https://www.biofach.de/en

Source: https://www.biofach.de/en/news/press-releases/2023-biofach-closing-report-o8jwq34kss_pireport

Source: စီးပွားရေးသံမှူး၊ ဘာလင်

Source: https://myantrade.gov.mm/document/eco-attache/Naypyitawstp_060420230245

## ၂၀၂၃ ခုနှစ်၊ ပထမသုံးလပတ်တွင် ကမ္ဘာ့ကုန်စည်ကုန်သွယ်မှု ၁ ရာခိုင်နှုန်း တိုးမြင့်လာနိုင်မှု အလားအလာမှာ မသေချာကြောင်း ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညီလာခံ (UNCTAD) က ပြောကြား

၂၀၂၃ ခုနှစ် ပထမသုံးလပတ်(ဇန်နဝါရီလ-ဧပြီလ)တွင် ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုသည် ၁ ရာခိုင်နှုန်းခန့်နှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးသည် ၃ ရာခိုင်နှုန်းခန့် တိုးမြင့်လာမည်ဟု ခန့်မှန်းထားကြောင်း၊ ကမ္ဘာ့ကုန်သွယ်မှု နောက်ဆုံးအခြေအနေ (Global Trade Update) အရ ကမ္ဘာ့ကုန်သွယ်မှု သည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၂ ထရီလီယံကျော် ရောက်ရှိခဲ့သော်လည်း နောက်ဆုံးသုံးလပတ် (စက်တင်ဘာ လ-ဒီဇင်ဘာလ)တွင် တိုးတက်မှုနှုန်းသည် အနုတ်လက္ခဏာ ဖြစ်ခဲ့ကြောင်း၊ အထူးသဖြင့် ၂၀၂၂ ခုနှစ် စတုတ္ထသုံးလပတ်အတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများ၊ အရှေ့အာရှနှင့် လက်တင်အမေရိကတို့၏ ကုန်သွယ်ရေး ကျဆင်းမှုတို့ကြောင့်ဖြစ်ကြောင်း ဂျီနီဗာမြို့အခြေစိုက် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညီလာခံ (UNCTAD) က ပြောကြားခဲ့ပါသည်။

ဆက်လက်၍ "UNCTAD ၂၀၂၃ ခုနှစ် ပထမသုံးလပတ်အတွက် ကုန်သွယ်မှုရပ်တန့်ခြင်းသည် ဆက်ရှိနေမည်ဖြစ်သော်လည်း ဒုတိယနှစ်ဝက်အတွက် အလားအလာမှာ ပိုမိုကောင်းမွန်ကြောင်း"၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း၌ အမေရိကန်ဒေါ်လာတန်ဖိုး ၇ ရာခိုင်နှုန်းနီးပါး ကျဆင်းလာခဲ့မှုနှင့် ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့တွင် စီးပွားရေးကျဆင်းမှုကို ရှောင်လွှဲနိုင်မည့် အလားအလာတို့ကို မီးမောင်းထိုးပြထားလျက် ယခုနှစ် နှစ်ဝက်တွင် ပိုကောင်းလာနိုင်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ကုန်သွယ်မှုတန်ဖိုးကို အများအားဖြင့် ဒေါ်လာဖြင့်သတ်မှတ်သည့်အတွက် ဒေါ်လာတန်ဖိုး မခိုင်မာခြင်းက ကုန်သွယ်မှုဝယ်လိုအား တိုးလာနိုင်ကြောင်း ဆုံးဖြတ်၍ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက် (supply chain) ပြတ်တောက်မှုနှင့် သယ်ယူ ပို့ဆောင်မှုစရိတ်များ သက်သာလာနိုင်ကြောင်းကို ထပ်လောင်းပြောကြားခဲ့ပါသည်။

UNCTAD ၏ အစီရင်ခံစာအရ ပထဝီနိုင်ငံရေးတင်းမာမှုများနှင့် ငွေကြေးဖောင်းပွမှုများ၊ ဈေးနှုန်းမြင့်မားမှုများ၊ အထူးသဖြင့် စွမ်းအင်၊ အစားအသောက်နှင့် သတ္တုဈေးနှုန်းမြင့်မားမှုများ၊ "အန္တရာယ်များသော ပေါင်းစပ်မှု" ဖြစ်သည့် အတိုးနှုန်းမြင့်မားခြင်းနှင့် ပြည်သူ့ကြွေးမြီများစသည့် စိုးရိမ်ပူပန်စရာ ကိစ္စရပ်များကြားတွင် ကုန်သွယ်မှု အလားအလာမှာ မသေချာသေးကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် အဆိုပါအစီရင်ခံစာက အတိုးနှုန်းမြင့်မားခြင်းနှင့် လက်ရှိစံချိန်တင် ကမ္ဘာ့ကြွေးမြီများသည် နိုင်ငံများစွာ၏ မက်ခရိုစီးပွားရေး အခြေအနေပေါ် ဆက်လက်ထိခိုက်စေနိုင်လိမ့်မည်ဖြစ်ကြောင်း သတိပေးထားပါသည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိစာရင်းများအရ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများနှင့် ဝင်ငွေနည်းသော နိုင်ငံ ထက်ဝက်ကျော်သည် ကြွေးမြီအခက်အခဲများရှိရန် လွယ်ကူခြင်း သို့မဟုတ် ကြွေးမြီ အခက်အခဲထဲတွင် ကျရောက်နေခြင်းများ ရှိနေကြကြောင်း၊ ၂၀၂၂ ခုနှစ်၊ စတုတ္ထသုံးလပတ်တွင် ကမ္ဘာ့ကုန်သွယ်မှု ကျဆင်းခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများကို ပိုမိုခက်ခဲစေခဲ့ပြီး၊ ၎င်းတို့၏ ပို့ကုန်၊ သွင်းကုန် နှစ်ခုစလုံး၏ ကုန်သွယ်မှုသည် ယခင်သုံးလပတ်နှင့်နှိုင်းယှဉ်ပါက ၆ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ထိုသို့ ကမ္ဘာ့ကုန်သွယ်မှု ကျဆင်းရခြင်းတွင် အရှေ့အာရှနိုင်ငံများ၏ ပို့ကုန် ၇ ရာခိုင်နှုန်း ကျဆင်းခြင်းကြောင့် ဖြစ်ကြောင်း ကုလသမဂ္ဂ အေဂျင်စီက ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ကုန်သွယ်မှုကျဆင်းနေချိန်တွင် ကောင်းသောအလားအလာအဖြစ် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော ကုန်စည်ကုန်သွယ်မှုများတိုးမြင့်လာသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါကုန်စည်များ ကုန်သွယ်မှုသည် ကုန်သွယ်မှု ကျဆင်းမှု အလားအလာကို ကြံ့ကြံ့ခံကာ ယခုနှစ် ဒုတိယနှစ်ဝက်တွင် ၄ ရာခိုင်နှုန်း ခန့် တိုးမြင့်လာနိုင်ကြောင်း၊ ၎င်းတို့ကုန်သွယ်မှု ပမာဏတန်ဖိုးသည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံ စံချိန်တင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ကုန်သွယ်မှုထက် အမေရိကန် ဒေါ်လာ ၁၀၀ ဘီလီယံကျော် တိုးလာ ကြောင်း UNCTAD က ပြောကြားခဲ့ပါသည်။

Source : https://economictimes.indiatimes.com/news/international/business/global-goods-trade-may-rise-1-in-2023-q1-outlook-

uncertainunctad/articleshow/98948672.cms?utm_source=contentofinterest&utm_medium=text&utm_campaign=cppst Source: https://www.commerce.gov.mm

Source: https://myantrade.gov.mm/article/Naypyitaw_19042023_1035

## ဂျပန်နိုင်ငံ၏ ဇီဝလောင်စာနှင့်စပ်လျဥ်းသည့် မူဝါဒအသစ်ကြောင့် အမေရိကန်မှ အီသနောတင်ပို့သူများ ဈေးကွက် ပိုမိုရရှိလာမည်

အမေရိကန်နိုင်ငံကုန်သွယ်ရေးကိုယ်စားလှယ်ရုံး၊ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ အမေရိကန်သံရုံးတို့၏ ကြိုးပမ်းမှုကြောင့် မတ်လ ၃၁ ရက်နေ့တွင် ဇီဝလောင်စာနှင့်စပ်လျဥ်းသည့် မူဝါဒကို ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ အဆိုပါ ထုတ်ပြန်ချက်ကြောင့် ဂျပန်နိုင်ငံ၏ အီသနောဈေးကွက်သို့ အမေရိကန်မှ ရာနှုန်းပြည့် ဝင်ရောက်နိုင်တော့မည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ထုတ်ဝေသည့် Ethanol Producer Magazine တွင် ဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် နှစ်နိုင်ငံကုန်သွယ်မှုပိုမိုမြှင့်တင်နိုင်ရေး ဂျပန်အစိုးရ၏ ဆောင်ရွက်ချက်ကို အမေရိကန်အစိုးရအနေဖြင့်လည်း ချီးကျူးထောက်ခံကြောင်း၊ ဂျပန်နိုင်ငံ၏ Energy Supply Structure Act တွင် ပါဝင်သည့် ဇီဝလောင်စာနှင့်စပ်လျဥ်းသည့် မူဝါဒအသစ်ကြောင့် အမေရိကန်နိုင်ငံမှ နှစ်စဥ် အီသနောတန်ချိန် သန်း ၈၀ ကျော် တိုးမြှင့် တင်ပို့နိုင်မည်ဖြစ်ပြီး၊ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၅၀ မှ ၂၀၀ ကြား ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါ သည်။ ရေရှည်တည်တံ့ပြီး ပိုမိုသန့်ရှင်းသည့် စွမ်းအင်သုံးစွဲမှုကို မြှင့်တင်နိုင်ရန်အတွက် ဂျပန်နိုင်ငံမှ ချမှတ်ခဲ့သည့် စွမ်းအင်မူဝါဒအသစ်အပေါ် ချီးကျူးကြောင်းနှင့် အမေရိကန်နှင့်ဂျပန်နိုင်ငံအကြား ပိုမိုနက်ရှိုင်းသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီး Vilsack က ပြောကြားထား ပါသည်။ အဆိုပါ Energy Supply Structure Act အရ အမေရိကန်မှ ထုတ်လုပ်သည့် Corn Ethanol ကို ဂျပန်နိုင်ငံသို့ ပိုမို တင်သွင်းခွင့်ရရှိမည်ဖြစ်ပါသည်။

ယခုကဲ့သို့ မူဝါဒသစ်မထုတ်ပြန်မီ မတ်လ ၂၈ ရက်နေ့ကပင် လျှပ်စစ်သုံးယာဥ်များ၏ ဘက်ထရီ ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ ပိုမိုအားကောင်းလာစေရေးနှင့် Critical Mineral ပိုမိုတိုးမြှင့် ထောက်ပံ့နိုင်ရေးအတွက် ရည်ရွယ်၍ အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား “The agreement between the Government of Japan and the Government of the United States of America on Strengthening Critical Mineral Supply Chains” ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါသဘောတူညီချက်တွင် လျှပ်စစ်သုံးယာဥ်များ၏ ဘက်ထရီ ထုတ်လုပ်မှုအတွက် လိုအပ်သည့် Critical Mineral (Lithium, Cobalt, Manganese, Nickel, and Graphite) များ စဥ်ဆက်မပြတ်ထုတ်လုပ်ထောက်ပံ့နိုင်ရေးအပါအဝင် Critical Mineral များအပေါ် ပို့ကုန်ခွန်ကောက်ခံခြင်း မပြုရေး၊ ပြည်ပနိုင်ငံများမှ စာချုပ်ဝင်နိုင်ငံများ၏ Critical Mineral Sector တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပါက လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ ပြန်လည်သုံးသပ်ခြင်းတို့အပါအဝင် Critical Mineral နှင့် စပ်လျဥ်း၍ နှစ်နိုင်ငံအကြား လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဥ်များ ပါဝင်ပါသည်။

Source: စီးပွားရေးသံမှူး၊ တိုကျိုမြို့

Source: https://myantrade.gov.mm/document/eco-attache/STP%28Yangon%29-20042023-20:07

## ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိန္ဒိယနိုင်ငံနှင့် ရူပီးဖြင့် ကုန်သွယ်မှုပြုမည့် ၁၉ ခုမြောက် နိုင်ငံဖြစ်လာ

အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုတွင် ကန်ဒေါ်လာ မသုံးစွဲတော့ဘဲ ရူပီးဖြင့် လုပ်ကိုင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဆုံးဖြတ်ခဲ့ပါသည်။ နိုင်ငံခြားသုံးငွေ အရန်ငွေတွင် ကန်ဒေါ်လာနည်းပါးနေချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကန်ဒေါ်လာအစား ရူပီးသုံးစွဲခြင်းဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ရူပီးဖြင့် ကုန်သွယ်မှုပြုမည့် ၁၉ ခုမြောက် နိုင်ငံဖြစ်လာပါသည်။

နှစ်နိုင်ငံစလုံးသည် ကန်ဒေါ်လာကို စွန့်လွှတ်ရန်နှင့် အရောင်းအဝယ် ငွေပေးချေ ရှင်းလင်းရန်အတွက် ၎င်းတို့၏ ပြည်တွင်း ငွေကြေးများကို အသုံးပြုရန် လအတော်ကြာ ဆွေးနွေးခဲ့ကြပါသည်။ အိန္ဒိယနိုင်ငံနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုတွင် ရူပီး သုံးစွဲခြင်းကို စတင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘဏ်နှစ်ခုဖြစ်သော Sonali Bank နှင့် Eastern Bank Limited (EBL) တို့သည် အိန္ဒိယငွေချေးသူ နှစ်ဦးဖြစ်သည့် State Bank of India (SBI) နှင့် ICICI Bank တို့တွင် ၎င်းတို့ကို ကိုယ်စားပြု လုပ်ကိုင်ပေးသည့် vostro အကောင့်ဖွင့် မည်ဖြစ်သည်။ (Vostro သည် လက်တင်ဝေါဟာရ ဖြစ်ပြီး "သင်၏""your" ဟု ဆိုလိုသည်) အပြန်အလှန်အားဖြင့် ၎င်းအိန္ဒိယဘဏ်နှစ်ခုတို့သည်လည်း အဆိုပါ ဘင်္ဂလားဒေ့ရှ်ဘဏ်နှစ်ခုတွင် vostro အကောင့်ဖွင့် မည်ဖြစ်သည်။

နှစ်နိုင်ငံကြား ငွေပေးငွေယူသည် တတိယမြောက်ငွေကြေး မပါဝင်ဘဲ တာကာ-ရူပီးဖြင့် အရောင်းအဝယ် ပြုလုပ်မည်ဖြစ်သည်။ ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံထံမှ သွင်းကုန်ဒေါ်လာ ၁၃ ဒသမ ၆၉ ဘီလီယံဝန်းကျင် တင်သွင်းခဲ့ပြီး ယင်းတို့အနက် ဒေါ်လာ ၂ ဘီလီယံကို ရူပီးဖြင့် ကုန်သွယ်မှုပြုကာ ကျန်တန်ဖိုးကို အမေရိကန်ဒေါ်လာဖြင့် ပေးချေမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တင်ပို့မှုမှာ ကန်ဒေါ်လာ ၂ ဘီလီယံခန့်ရှိပြီး ယင်းနှင့်ပတ်သက်သည့် အရောင်းအဝယ်များကို ရူပီးနှင့် တာကာတို့ဖြင့် ပေးချေမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတွင် ရူပီးသုံးစွဲသောနိုင်ငံ ၁၈ နိုင်ငံမှာ ရုရှား၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဘော့ဆွာနာ၊ ဖီဂျီ၊ ဂျာမနီ၊ ဂိုင်ယာနာ၊ အစ္စရေး၊ ကင်ညာ၊ မလေးရှား၊ မောရစ်ရှပ်၊ မြန်မာ၊ နယူးဇီလန်၊ အိုမန်၊ ဆေးရှဲလ်၊ တန်ဇန်းနီးယား၊ ယူဂန်ဒါနှင့် ယူကေတို့ ဖြစ်ပါသည်။

Source: https://www.industrialdirectory.com.mm

https://myantrade.gov.mm/article/naypyitaw_24042023_1022

## ၂၀၂၂ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေမှာ ယန်း ၂၁ ဒသမ ၇၃ ထရီလီယံ အထိ ဖြစ်ပေါ်ကာ စံချိန် တင်မြင့်တက်ခဲ့

လောင်စာဆီဈေးနှုန်းများမြင့်တက်ခဲ့ခြင်းနှင့် ယန်းငွေတန်ဖိုးကျဆင်းခဲ့ခြင်းကြောင့် သွင်းကုန်တင်သွင်းရာတွင် ကုန်ကျစရိတ်ပိုမိုမြင့်တက်ကာ ဂျပန်နိုင်ငံ၏ကုန်သွယ်ရေးလိုငွေမှာ မတ်လတွင် ကုန်ဆုံးခဲ့သည့် ၂၀၂၂ ဘဏ္ဍာနှစ်တွင် လေးဆခန့်မြင့်တက်ခဲ့ပြီး ယန်း ၂၁ ဒသမ ၇၃ ထရီလီယံအထိ စံချိန်တင်များပြားခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့ပါသည်။

အဆိုပါသတင်းတွင် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဂျပန်နိုင်ငံ၏ သွင်းကုန်မှာ ၃၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယန်း ၁၂၀ ဒသမ ၉၅ ထရီလီယံနှင့် ပို့ကုန်မှာ ၁၅ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယန်း ၉၉ ဒသမ ၂၃ ထရီလီယံရှိခဲ့ကြောင်း ဖော်ပြထားပါသည်။ ၂၀၁၃ ဘဏ္ဍာနှစ်တွင် ကုန်သွယ်ရေးလိုငွေပြမှုမှာ ယန်း ၁၃ ဒသမ ၇၆ ထရီလီယံဖြစ်ပေါ်ကာ စံချိန်တင် မြင့်တက်ခဲ့ဖူးသော်လည်း ၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၂ ဘဏ္ဍာနှစ်တို့တွင် ၂ နှစ် ဆက်တိုက် ကုန်သွယ်ရေးလိုငွေပြမှုမှာ ၁၉၇၉ ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက အမြင့်ဆုံးနှုန်းထားများဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံ၏ သွင်းကုန်တင်သွင်းမှုမြင့်တက်ခဲ့ခြင်းမှာ ရေနံစိမ်း၊ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့ရည်(LNG)တို့တင်သွင်းမှုများပြားခဲ့ခြင်းကြောင့်ဖြစ်ကာ၊ ပို့ကုန်တန်ဖိုးမြင့်တက်ခဲ့ရခြင်းမှာ မော်တော်ယာဉ်၊ သံ၊ စတီးနှင့် အခြားကုန်စည်များ၏ဝယ်လိုအားမှာလည်း ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလတွင် ပြန်လည်၍မြင့်တက်လာခဲ့သည့်အတွက်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂၀၂၁ ဘဏ္ဍာနှစ်တွင် ဂျပန်ယန်းနှင့်ဒေါ်လာငွေလဲလှယ်နှုန်းမှာ ပျမ်းမျှအားဖြင့် ၁ ဒေါ်လာ လျှင် ၁၁၁ ဒသမ ၉၁ ယန်းရှိခဲ့ပြီး ၂၀၂၂ ဘဏ္ဍာနှစ်တွင် ၁ ဒေါ်လာလျှင် ၁၃၅ ဒသမ ဝ၅ ယန်းသို့ တဟုန်ထိုးမြင့်တက်ခဲ့ကြောင်း၊ ယခင်နှစ်တွင် ယန်းငွေတန်ဖိုး ကျဆင်းခဲ့ရခြင်း၏ အဓိကအကြောင်းအရင်းမှာ တင်သွင်းရသည့် ကုန်စည်များ၏ ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် ကုန်စည်ရှားပါးမှုဖြစ်ပေါ်ခဲ့ရခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့်ကုန်သွယ်မှုပြုလုပ်ရာတွင် ကုန်သွယ်မှုပိုငွေအဖြစ် ယန်း ၆ ဒသမ ၆၅ ထရီလီယံ ရှိခဲ့ကြောင်း၊ အဓိကအားဖြင့် မော်တော်ယာဉ်များ တင်ပို့နိုင်မှုကြောင့် ၂၀၂၂ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့မှုမှာ ၂၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယန်း ၁၈ ဒသမ ၇ ထရီလီယံသို့ ရောက်ရှိခဲ့ကြောင်း၊ အမေရိကန်နိုင်ငံမှ ဆေး၊ ကျောက်မီးသွေးနှင့်အခြားသော ကုန်စည်များ ဂျပန်နိုင်ငံသို့ တင်သွင်းနိုင်ခဲ့မှုကြောင့် ၂၆ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယန်း ၁၂ ဒသမ ဝ၅ ထရီလီယံ စံချိန်တင် တင်သွင်းနိုင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုပြုလုပ်ရာတွင် ကုန်သွယ်ရေးလိုငွေ ၆ ဒသမ ၈၁ ထရီလီယံ ရှိခဲ့ကြောင်း၊ အဓိကအားဖြင့် စမတ်ဖုန်း၊ အဝတ်အထည်နှင့် Audio-related Parts များကို တရုတ်နိုင်ငံမှ တင်သွင်းမှုမှာ ၁၉ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယန်း ၂၅ ဒသမ ၃၃ ထရီလီယံသို့ ရောက်ရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ Audiovisual Equipment၊ တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semiconductor) နှင့် အခြားသောလျှပ်စစ်ပစ္စည်းများ တင်ပို့နိုင်ခဲ့မှုကြောင့် ၁ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယန်း ၁၈ ဒသမ ၅၁ ထရီလီယံရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

အမေရိကန်နိုင်ငံ၏ ဗဟိုဘဏ် Federal Reserve အနေဖြင့် ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်မှုကို ထိန်းညှိနိုင်ရန်အတွက် အတိုးနှုန်းမြင့်တက်ခဲ့မှုကြောင့် စီးပွားရေးတိုးတက်မှုကို နှေးကွေးစေနိုင်သည့်အတွက် ဂျပန်နိုင်ငံမှ သွင်းကုန်တင်သွင်းမှုကို လျှော့ချနိုင်သည့်အတွက် စိုးရိမ်မှုများမြင့်တက်လျက်ရှိကြောင်းလည်း ဖော်ပြထားပါသည်။ တရုတ်နိုင်ငံ၏ ကိုဗစ်ကင်းစင်ရေး မူဝါဒရုပ်သိမ်းခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံမှ ပို့ကုန်များ တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့နိုင်မည်ဖြစ်သော်လည်း တရုတ်

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆက်လက်နှေးကွေး နိုင်မည့်အပေါ်လည်း စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့၏ ကုန်သွယ်ရေးလိုငွေမှာ ယန်း ၁ ဒသမ ၇၇ ထရီလီယံရှိခဲ့ပြီး ၁၁ နှစ် ဆက်တိုက် ကုန်သွယ်မှုလိုငွေပြခဲ့ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပါအဝင် အခြားသော အာရှနိုင်ငံများနှင့် ကုန်သွယ်မှုပိုငွေ ၄၅၄ ဒသမ ၂၄ ဘီလီယံရှိခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း ဖော်ပြပါရှိပါသည်။

တရုတ်နိုင်ငံသို့ တင်ပို့နိုင်မှုအခြေအနေမှာ တရုတ်နှစ်သစ်ကူးကာလဖြစ်သည့် ဇန်နဝါရီလနောက်ပိုင်းတွင် ပြန်လည် ကောင်းမွန်လာနိုင်မည်ဟု ခန့်မှန်းထားသော်လည်း အမေရိကန်နှင့်ဥရောပတို့၏ ဝယ်လိုအားမှာ လျော့နည်းနေဆဲဖြစ်ကြောင်း Daiwa Securities မှ စီးပွားရေးပညာရှင် Kota Suzuki က ပြောကြားထားပါသည်။ လက်တလောတွင် လောင်စာဆီဈေးနှုန်း မြင့်တက်ခဲ့မှုနှင့် ယန်းငွေတန်ဖိုးကျဆင်းခဲ့မှုကြောင့် သွင်းကုန်တန်ဖိုးမှာ သိသိသာသာကျဆင်းနိုင်ခြင်းမရှိသော်လည်း ကုန်သွယ် မှုလိုငွေမှာ အနည်းငယ်လျော့နည်းနိုင်မည်ဟု ခန့်မှန်းထား ကြောင်း Suzuki က ပြောကြားထားပါသည်။

၂၀၂၃ ခုနှစ်၊ မတ်လတစ်လတည်းတွင် ဂျပန်နိုင်ငံ၏ သွင်းကုန်မှာ ၇ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ ပို့ကုန်မှာ ၄ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ၊ ကုန်သွယ်မှုလိုငွေ ယန်း ၇၅၄ ဒသမ ၅၁ ဘီလီယံရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

Source: စီးပွားရေးသံမှူး၊ တိုကျိုမြို့

Source: https://myantrade.gov.mm/article/STP%20(Yangon)%2021042023%2014:47

## ရုရှားနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအကြီးအကဲက အိန္ဒိယကုမ္ပဏီများ၏ ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုမှုအခြေအနေများအား ပြောကြားခဲ့

ရုရှားကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Sergey Katyrin က အိန္ဒိယကုမ္ပဏီများအနေ ဖြင့် ရုရှားနိုင်ငံနှင့် လက်တွဲလုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။ ရုရှားကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် အိန္ဒိယကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (FICCI)တို့က စီစဉ်ကျင်းပသည့် ဖိုရမ်ကို အိန္ဒိယတွင် ဧပြီလ ၃ ရက်နေ့၌ စတင်ခဲ့သည်။ အဆိုပါဖိုရမ်ကို ရုရှားကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်သည့် ရုရှား ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Sergey Katyrin က ဦးစီးကျင်းပခြင်းဖြစ်ပါသည်။

အိန္ဒိယကုန်သည်များအသင်းချုပ်က အိန္ဒိယကုမ္ပဏီမိတ်ဖက်များကို ကိုယ်တိုင်ရွေးချယ်နိုင်သည့် ပလက်ဖောင်းတစ်ခု ဖန်တီးထားကြောင်း၊ အဆိုပါပလက်ဖောင်းပေါ်၌ အိန္ဒိယစီးပွားရေးလုပ်ငန်း ၂၀၀ ကျော် မှတ်ပုံတင်ထားကြောင်း၊ ၎င်းတို့သည် ပြည့်စုံကြွယ်ဝသောစီးပွားရေး အစီအစဉ်များကို ပြင်ဆင်ထားကြောင်း အိန္ဒိယရှိ ရုရှားကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင်ကိုယ်စားလှယ်ရုံးခန်း ဖွင့်ပွဲတွင် Katyrin က ပြောကြားခဲ့သည်။

ဆက်လက်၍ Katyrin သည် ရုရှားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဒေသများအကြောင်း၊ စက်မှုလုပ်ငန်းများ အကြောင်း၊ အနောက်တိုင်းကုမ္ပဏီများ ရုရှားနိုင်ငံမှ ထွက်ခွာသွားသဖြင့် လစ်လပ်သည့် နေရာများနှင့် အခွင့်အလမ်းများ အကြောင်း၊ ဝင်ငွေရရှိမည့်အခွင့်အလမ်းများ စသည့်မိမိတို့အကြောင်းနှင့် မိမိတို့၏လိုအပ်ချက်များကို နိုင်ငံခြားလုပ်ဖော် ကိုင်ဖက်များထံ ပိုမိုပြောပြရန် တိုက်တွန်းခဲ့ပါသည်။

အဆိုပါဖိုရမ်သို့ အပေါ့စားစက်မှုလုပ်ငန်း၊ ဓာတုစက်မှုလုပ်ငန်း၊ ဆေးဝါးများ၊ အိုင်တီလုပ်ငန်း၊ စက်မှုအင်ဂျင်နီယာ၊ မော်တော်ယာဉ်နှင့် ဆန်းသစ်တီထွင်နည်းပညာများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ ရုရှားကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်တွင် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ခြင်း သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး အထူး စီးပွားရေးဇုန်များသို့ သွားရောက်လည်ပတ်ခြင်းနှင့် အိန္ဒိယနိုင်ငံရှိ ရုရှားကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ၏ ဂုဏ်ထူးဆောင်ကိုယ်စားလှယ် ရုံးခန်းဖွင့်လှစ်ခြင်းတို့ပါဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ အိန္ဒိယလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ဆက်ဆံရေး ခိုင်မာစေရန်၊ အိန္ဒိယ စီးပွားရေးအသိုင်းအဝိုင်းနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ တိုက်ရိုက် အဆက်အသွယ် ထူထောင်နိုင်ရန်၊ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ အခွင့်အလမ်းသစ်များနှင့် ရင်းနှီးကျွမ်းဝင်စေရန်ဖြစ်ကြောင်း ရုရှားကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းအကြီးအကဲက ပြောကြားခဲ့ပါသည်။ Source:https://ria.ru/20230404/indiya-1863035127.html

Source: https://ria.ru/20230403/forum-1862740570.html?in=t

Source: စီးပွားရေးသံမှူး၊ မော်စကိုမြို့

Source:https://myantrade.gov.mm/article/STP(Yangon)-07042023-13:00

## လက်ရှိ နိုင်ငံတကာငွေကြေးစနစ်တွင် တရုတ်ယွမ်ငွေ (RMB) ၏ လွှမ်းမိုးမှု တိုးလာ

လက်ရှိ နိုင်ငံတကာငွေကြေးစနစ်တွင် တရုတ်ငွေကြေး ယွမ် (renminbi- RMB) ၏ လွှမ်းမိုးမှုသည် တိုးလာကြောင်း Economic Daily ဝက်ဘ်ဆိုက် က ၂၄-၄-၂၀၂၃ ရက်နေ့တွင် ဖော်ပြခဲ့ကြောင်း၊ တရုတ်ကမ်းလွန်ရေနံလုပ်ငန်း (China National Offshore Oil Corporation-CNOOC) နှင့် ပြင်သစ် စွမ်းအင်ကုမ္ပဏီ Total Energies တို့သည် သဘာဝဓာတ်ငွေ့ရည် ကုန်သွယ်မှုအတွက် တရုတ်ယွမ်ငွေဖြင့် ပထမဆုံးငွေပေးချေမှုကို မကြာသေးမီက အပြီးသတ်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နှစ်နိုင်ငံဗဟိုဘဏ်များအကြား သဘောတူညီမှုရရှိခဲ့ပြီးနောက် ဘရာဇီးလ်နိုင်ငံသည် ယွမ်ငွေဖြင့် ငွေပေးချေမှု ဆောင်ရွက်ခွင့်ရှိသည့်ဘဏ်ကို ခန့်အပ်ခြင်းနှင့်အတူ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ယွမ်ဖြင့် လက်ခံရန် ကြေညာခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ယွမ်ဖြင့် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုပမာဏသည် ၂၀၂၂ ခုနှစ်တွင် ယွမ် (၄၂) ထရီလီယံ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၉ ထရီလီယံ) ကျော်လွန်ခဲ့ပြီး ၂၀၁၇ ခုနှစ်ထက် (၃)ဆ တိုးလာကြောင်း ကိန်းဂဏန်း အချက်အလက်များအရ သိရှိရပါသည်။

လက်ရှိတွင် တရုတ်ယွမ် (RMB) သည် နိုင်ငံတကာငွေပေးချေမှုများအတွက် ပဉ္စမမြောက်အသုံး အများဆုံးငွေကြေး၊ ပဉ္စမမြောက်နိုင်ငံတကာ အရန်ငွေကြေးနှင့် IMF ၏ IMF's Special Drawing Rights တွင် တတိယမြောက်အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။ ထို့ပြင် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာငွေ၊ နိုင်ငံခြားအရန်ငွေ အဖြစ် အသုံးပြုခြင်းနှင့် တန်ဖိုးသတ်မှတ်ခြင်းကဲ့သို့ နိုင်ငံတကာ ငွေကြေးအဖြစ် ယွမ် (RMB) ၏ လုပ်ဆောင်ချက်များသည် ကမ္ဘာ့စုံတွင် အားကောင်းလျက်ရှိကြောင်း သိရှိရပါသည်။

ယွမ်ငွေရှင်းလင်းရေးဘဏ်များနှင့် ဒေသသုံးငွေကြေးဖြင့် ငွေပေးချေမှုကွန်ရက်များ တည်ထောင်ခြင်း၊ ယွမ် (RMB)၏ ပြည်ပဈေးကွက်ဖွံ့ဖြိုး တိုးတက်လာခြင်း၊ ပြည်တွင်းဘဏ္ဍာရေးဈေးကွက်များ ဖွင့်ပေးလိုက်ခြင်းနှင့် လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း တရုတ်နိုင်ငံ၏ဘဏ္ဍာရေးအဖွဲ့ အစည်းများ၏ ပြည်ပတွင်လုပ်ငန်းဆောင်ရွက်မှုပုံစံကို စဉ်ဆက်မပြတ်တိုးတက်စေခြင်း တို့ကြောင့် ယွမ် (RMB) သည် နိုင်ငံတကာ အသုံးပြုမှု အတွက် အချိတ်အဆက်များရရှိခဲ့ကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းတွင် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအရှိန်နှင့် တရုတ်ဘဏ္ဍာရေးဈေးကွက်ကို ထပ်မံဖွင့်လှစ်လိုက်ခြင်းတို့ကြောင့် ယွမ် (RMB) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်လုပ်ငန်းများ တဖြည်းဖြည်း တိုးလာခဲ့ကြောင်း သိရှိရပါသည်။ ထို့ပြင် နိုင်ငံတကာ ပထဝီဝင်နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပတ်ဝန်းကျင် ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတကာ ငွေကြေးစနစ် ဖွံ့ဖြိုး တိုးတက်မှုသည်လည်း ပိုမိုကွဲပြားလာကြောင်း သိရှိရပါသည်။

သို့ပါ၍ တရုတ်နိုင်ငံအနေဖြင့် ယွမ်ငွေကို နိုင်ငံတကာသုံးငွေကြေးအဖြစ် ပိုမိုခိုင်မာအားကောင်းလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နောင်တွင် နိုင်ငံတကာကုန်သွယ်မှုတွင် ယွမ်ဖြင့် ပေးချေခြင်းများကို ယခုထက်ပိုမို အသုံးပြုလာမည့် အလားအလာများရှိနေကြောင်း၊ နိုင်ငံတကာ ကုန်သွယ်မှုတိုးချဲ့ခြင်းနှင့် ယွမ်ကို နိုင်ငံတကာသုံးငွေကြေးအဖြစ် ဆောင်ရွက်ခြင်းများသည် အပြန်အလှန်အကျိုးပြုနေပြီး တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အဓိကအထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။Source: http://global.chinadaily.com.cn/a/202304/24/WS6445e4d9a310b6054facf5fe.html

Source: စီးပွားရေးသံမှူးနန်နင်း

Source: https://myantrade.gov.mm/article/Naypyitawstp_260420231120

## ထိုင်းနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်သွားမည်

ထိုင်းနိုင်ငံသည် အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့လျက်ရှိသော ၎င်း၏ပို့ကုန်များ နှေးကွေးလာသဖြင့် ထုတ်ကုန်များအတွက် အလားအလာကောင်းသော ဈေးကွက်အသစ်အဖြစ် ဆော်ဒီအာရေဗျနိုင်ငံသို့ ဈေးကွက်ချဲ့ထွင်သွားမည်ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အရှေ့အလယ်ပိုင်း၏ ဝင်ပေါက်တစ်ခုဖြစ်ပြီး ဈေးကွက်အလားအလာအကောင်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ယခင်နှစ်က ထိုင်းနိုင်ငံ၊ Joint Standing Committee on Commerce, Industry and Banking (JSCCIB) နှင့် ဆော်ဒီအာရေဗျနိုင်ငံ၊ Chamber of Commerce တို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးနောက် ဆော်ဒီအာရေဗျနိုင်ငံဖက်မှ ထိုင်းစီးပွားရေး လုပ်ငန်းရှင်များအား ၎င်းတို့နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံစေလိုကြောင်း ထိုင်းစက်မှုလက်မှုအသင်းချုပ် (the Federation of Thai Industries -FTI) က ပြောကြားခဲ့ပါသည်။

FTI က ၎င်းတို့အနေဖြင့် ကုန်သွယ်မှု အကျိုးအမြတ်များ၊ အလုပ်အကိုင်နှင့် ရင်းနှီး မြှုပ်နှံမှုများအတွက် “Vision 2030” ၏ ဆွဲဆောင်မှုအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံ တန်ဖိုးရှိသော mega-city Neom တည်ရှိသည့် ဆော်ဒီအာရေဗျ နိုင်ငံသည် ကောင်းမွန်ပါကြောင်း ဆိုပါသည်။

Neom သည် ဆော်ဒီအာရေဗျနိုင်ငံ Tabuk ပြည်နယ်၏ အနောက်မြောက် ပင်လယ်နီကမ်းရိုးတန်းပေါ်တွင် တည်ရှိပြီး ဆော်ဒီအာရေဗျနိုင်ငံအစိုးရကလောင်စာဆီအပေါ်မှီခိုမှုနည်းပါးပြီး မတူညီသောစီးပွားရေးလုပ်ငန်းများကို မြှင့်တင်နိုင်ရေး အတွက် ရည်ရွယ်တည်ထောင်ထားသော smart city တစ်ခုဖြစ်ပါသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ထိုင်းနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ အစားအစာများ၊ မော်တော်ကားများနှင့် မော်တော်ကား အစိတ်အပိုင်းများကို စိတ်ဝင်စားလျက်ရှိကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံသည် လူဦးရေ ၃၆ သန်း ရှိပြီး GDP တိုးတက်မှုနှုန်းမှာ G20 နိုင်ငံများတွင် အမြင့်ဆုံးအဆင့်တွင် ရှိကြောင်း FTI က ဆိုပါသည်။

ဆော်ဒီအာရေဗျရင်းနှီးမြှုပ်နှံသူများသည် ထိုင်းနိုင်ငံ၏ အရှေ့ဘက်ပင်လယ်ပြင်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ပြေးစီမံချက် တစ်ခုဖြစ်သည့် Eastern Economic Corridor (EEC)တွင် စွမ်းအင်ကဏ္ဍအပါအဝင် စီးပွားရေးလုပ်ငန်း အများအပြားတွင် ရင်းနှီး မြှုပ်နှံရန် စိတ်ဝင်စားကြပြီး ယခင်နှစ်က Chon Buri၊ Rayong နှင့် Chachoengsao တို့ရှိ ဇုန်များ နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များရရှိရန် ဆော်ဒီ Chamber of Commerce မှ တာဝန်ရှိသူများ လာရောက်ခဲ့ကြောင်း FTI က ဖြည့်စွက်ပြောကြားခဲ့ပါသည်။ Source: www.bangkok.com

Source: ဗန်ကောက်မြို့၊ စီးပွားရေးသံမှူး

Source: https://myantrade.gov.mm/article/Naypyitawstp_260420230934

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကမ္ဘာတစ်ဝှမ်း တွေ့ကြုံနေရသည့် စီးပွားရေးစိန်ခေါ်မှုများ ဖြေရှင်းရာတွင် ပါဝင်ကူညီမည်ဟု ညွှန်ကြားရေးမှူးချုပ်ပြောကြား

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၊ ညွှန်ကြားရေးမှူးချုပ် Dr. Ngozi Okonjo-Iweala က ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်များအနေဖြင့် ဘက်စုံပူးပေါင်းဆောင်ရွက်၍ ရင်းနှီးမြှုပ်နှံမှုပြုခြင်းနှင့် ကမ္ဘာတလွှားရင်ဆိုင်နေရသော စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်မှု ပိုမိုတိုးတက်စေရေး မြှင့်တင်ဆောင်ရွက်ရန် လိုအပ် ကြောင်း၊ WTO ၏ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးတွင် WTO စီးပွားရေးပညာရှင်များ၏ နှစ်အလိုက် ခန့်မှန်းချက်အရ ကမ္ဘာ့ကုန်သွယ်ရေး အဟန့်အတားများပေါ်ပေါက်နေခြင်းသည် စိုးရိမ်ရကြောင်း ဧပြီလ ၁၉ ရက်နေ့တွင် ပြောကြားခဲ့သည်။

WTO စီးပွားရေးပညာရှင်များက ကမ္ဘာ့ကုန်သွယ်မှုပမာဏသည် ၂၀၂၂ ခုနှစ်တွင် ၂ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၁ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်မည်ဟု ဧပြီလ ၅ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။ WTO ညွှန်ကြားရေးမှူးချုပ် က ကမ္ဘာတစ်ဝှမ်းလူအများ၏ လူနေမှုအဆင့်အတန်းနှင့် အခွင့်အလမ်းများနည်းပါးလာပြီး ကာလရှည်ကြာ စီးပွားရေး တိုးတက်မှုလျော့နည်းလာကြောင်း၊ ဒီဂျစ်တယ်ကုန်သွယ်မှုသည် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူဖြစ်၍ လူတန်းစား အလွှာမျိုးစုံမှ ဆောင်ရွက်နိုင်ပြီး စည်းမျဉ်းများကို အခိုင်အမာချမှတ်ဆောင်ရွက်ခြင်းဖြင့် တိုးတက်စေသော အရင်းအမြစ်အသစ် တစ်ခုအနေဖြင့် မြှင့်တင်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ကျင်းပပြုလုပ်ခဲ့သည့် WTO ၏ (၁၂) ကြိမ် မြောက်ဝန်ကြီးများအဆင့်ညီလာခံ (MC 12) ပြုလုပ်နိုင်ခဲ့သကဲ့သို့ ထပ်မံဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကဏ္ဍစုံဆောင်ရွက်နိုင်သောနယ်ပယ်တွင် အဓိကအခန်းကဏ္ဍ တစ်ခုအနေဖြင့် အခိုင်အမာ ပါဝင်ဆောင်ရွက်သင့်ကြောင်း၊ WTO အဖွဲ့ဝင် ၁၆၄ နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာမူဘောင်ကို ပံ့ပိုးပေးနေသည့် နိုင်ငံစုံ အဖွဲ့အစည်းအနေဖြင့် ကမ္ဘာတစ်လွှားရင်ဆိုင်နေရသော စီးပွားရေးစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ပါဝင်ကူညီရန် တာဝန်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အာရပ်စော်ဘွားများပြည်ထောင်စု၊ အဘူဒါဘီမြို့တော်၌ ကျင်းပပြု လုပ်သွားမည့် (၁၃) ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံ (MC 13) သည် လုပ်နိုင်သည့်အတိုင်းအတာ အကန့်အသတ်များ အကြားတွင်ဆောင်ရွက်နိုင်သော အရေးပါသည့်အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း၊ လက်ရှိကမ္ဘာ့အခြေအနေအရ MC 13 တွင် ရလဒ်ထွက်ပေါ်လာနိုင်သည့်အနေအထားမရှိကြောင်း၊ WTO မှ ရလဒ်များပေးအပ်နိုင်ရေးအတွက် ရည်မှန်းချက်နှင့် လက်တွေ့ အကြား ဟန်ချက်ညီစွာဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကိုရှာဖွေရန် အခြေခံလိုအပ်လျက်ရှိကြောင်း၊ WTO အနေဖြင့် ထိန်းသိမ်းဆောင်ရွက်၍ ဝန်ကြီးအဆင့်ညီလာခံများမှ အောင်မြင်မှုရလဒ်များရရှိရန်အရေးကြီးကြောင်း၊ အမျိုးမျိုးသော

ကပ်ဘေးများကြောင့် အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ခဲ့ရသည့် ပြည်သူများအတွက် ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း သတိပေးပြောကြားခဲ့သည်။

WTO ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဥက္ကဋ္ဌများဖြစ်သော တူကီယဲလ်နိုင်ငံ၊ သံအမတ်ကြီး Alparslan Acarsoy၊ အိုက်စ်လန်နိုင်ငံ၊ သံအမတ်ကြီး Einar Gunnarsson၊ ကာဇက်စတန်နိုင်ငံ သံအမတ်ကြီး Zhanar Aitzhanova နှင့် ဂျီဘူတီနိုင်ငံ၊ သံအမတ်ကြီး Kadra Hassan တို့မှ တင်သွင်းခဲ့သော စိုက်ပျိုးရေး၊ ငါးလုပ်ငန်း အထောက်အပံ့၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးထားသောအစီရင်ခံစာများအရ ရှေ့ပြေးအနေဖြင့်ပြောကြားခြင်းဖြစ်ကြောင်း၊ ဘော့ဆွာနာနိုင်ငံ၊ သံအမတ်ကြီး Athaliah Molokomme ထံမှ အဖွဲ့ဝင်များသည် MC 13 တွင် ညှိနှိုင်းဆွေးနွေးသွားမည့် ကိစ္စရပ်များ၊ WTO ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာတစ်စောင်ကိုလည်း လက်ခံရရှိထားကြောင်း၊ WTO ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဥက္ကဋ္ဌများ၏ အစီရင်ခံစာများအပေါ် အရေးတကြီး စေ့စပ်ညှိနှိုင်းရန် လိုအပ်နေကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

WTO အနေဖြင့် ဆောင်ရွက်မှုများတွင် တိုးတက်မှုရှိနေသော်လည်း နည်းပညာဆိုင်ရာလုပ်ဆောင်မှုများကို အကန့်အသတ်မရှိ ရပ်ဆိုင်းသွားခြင်းမဖြစ်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစီရင်ခံစာများအရ တက်ကြွစွာလှုပ်ရှား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ MC 13 မှ အောင်မြင်မှုရလဒ်များ ရရှိစေရေးအတွက် အကြောင်းအရာအလိုက် အမှန်တကယ် စတင်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးကော်မတီမှ အဖွဲ့ဝင်များအားလာမည့် ဇူလိုင်လတွင် တွေ့ဆုံသွားမည် ဖြစ်သော်လည်း နောက်ဆက်တွဲ အစည်းအဝေးများ မပြုလုပ်မီ နှစ်လခွဲအလိုတွင် ပြုလုပ်ရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့ပြင်သဘောတူညီချက်ရရှိရန် နေ့ချင်းညချင်း ဆောင်ရွက်၍မရကြောင်း၊ ဂျီနီဗာတွင် ဆောင်ရွက်ရမည့်လုပ်ငန်း အများအပြားကို တိုးချဲ့ဆောင်ရွက်ထားမှသာ ဝန်ကြီးများအဆင့် ညှိနှိုင်းဆောင်ရွက်ရာတွင် ကျစ်လျစ်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကဏ္ဍစုံကြိုးစားဆောင်ရွက်ကြသော်လည်း ရည်မှန်းချက်ရောက်ရှိရန် အလှမ်း ကွာလျက်ရှိနေကြောင်း၊ ထို့ကြောင့် ရလဒ်များရရှိစေရေး ဆောင်ရွက်ရမည့် တာဝန်ရှိကြောင်း ပြောကြားခဲ့ပါသည်။

Source:https://www.commerce.gov.mm

Source:[https://myantrade.gov.mm/article/Naypyitaw_02052023_238](https://myantrade.gov.mm/article/Naypyitaw_02052023_238)

## တောင်ကိုရီးယားနိုင်ငံ၏ GDP တွင် နိုင်ငံ၏ကြွေးမြီပါဝင်မှုအချိုး ထပ်မံမြင့်မားလာနိုင်သည် ဟု IMF ကခန့်မှန်း

တောင်ကိုရီးယားနိုင်ငံ၏ GDP တွင် နိုင်ငံ၏ကြွေးမြီပါဝင်မှုအချိုးသည် စိုးရိမ်ဖွယ်အခြေအနေ ရောက်ရှိ လာနေချိန်တွင် နိုင်ငံ၏ဘဏ္ဍာရေးတည်ငြိမ်ခိုင်မာမှုအခြေအနေသည်လည်း ဆက်လက်ယိုယွင်းနေနိုင်သည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund– IMF) က ၂၀၂၃ ခုနှစ်၊ ဧပြီလအစောပိုင်းက ထုတ်ပြန်ထားသည့် ဘဏ္ဍာရေးစောင့်ကြည့်လေ့လာမှုဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

IMF ၏ အထက်ဖော်ပြပါ အစီရင်ခံစာ၌ တောင်ကိုရီးယားနိုင်ငံ၏ GDP တွင် နိုင်ငံ၏ကြွေးမြီ ပါဝင်မှု အချိုးသည် ၂၀၂၂ ခုနှစ်ကုန်ပိုင်းက ၅၄ ဒသမ ၃ ရာခိုင်နှုန်းရှိမည်ဟုခန့်မှန်းထားပါကြောင်း၊ ယင်း ပမာဏသည် IMF၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလက ထုတ်ပြန်ခဲ့သော အလားတူအစီရင်ခံစာပါ ခန့်မှန်းချက်ဖြစ်သည့် ၅၄ ဒသမ ၁ ရာခိုင်နှုန်းထက် သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်မားလာပါကြောင်း၊ (၆) လ ကာလအတွင်း သုည ဒသမ ၂ ရာခိုင်နှုန်း မြင့်မားခြင်းသည် တောင်ကိုရီးယား၏ စီးပွားရေးအရွယ်အစားနှင့်ယှဉ်လျှင် အလွန်မြန်သောနှုန်း ဖြစ်သည်ဟု စဉ်းစားကြောင်း IMF ၏ အစီရင်ခံစာ၌ ဖော်ပြထားပါသည်။

ကမ္ဘာ့နိုင်ငံများအနက် ခေတ်မီဖွံ့ဖြိုးပြီးသောနိုင်ငံ (၁၀) နိုင်ငံတို့၏ GDP တွင် ကြွေးမြီပါဝင်မှု အချိုးသည် ပျမ်းမျှအားဖြင့် ၅၂ ရာခိုင်နှုန်းသာရှိသဖြင့် တောင်ကိုရီးယားနိုင်ငံ၏ GDP တွင် ကြွေးမြီပါဝင်မှုအချိုးဖြစ်သည့် ၅၄ ဒသမ ၃ ရာခိုင်နှုန်းထက်ပင် လျော့နည်းပါသည်။ ယင်းသို့ ဖွံ့ဖြိုးပြီးနိုင်ငံ (၁၀)နိုင်ငံ၏ ပျမ်းမျှကြွေးမြီနှုန်းထားထက် တောင်ကိုရီးယားနိုင်ငံ၏ ကြွေးမြီမြင့်မားမှုသည် သမိုင်းတွင် ပထမဆုံးအကြိမ်ပင်ဖြစ်ပါကြောင်း၊ IMF ၏ အစီရင်ခံစာအတွက်အသုံးပြုသောDatabase သည် ၂၀၂၃ ခုနှစ်၊ ဧပြီလထုတ် 2023 World Economic Outlook and Global Financial Stability Report အတွက် အသုံးပြုသော Database နှင့် အတူတူပင်ဖြစ်ပါကြောင်း၊ Global International Institutions ၏ တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ဝေသည့် အစီရင်ခံစာတွင်လည်း တောင်ကိုရီးယားနိုင်ငံ၏ GDP တွင် ကြွေးမြီပါဝင်မှုအချိုးသည် ၂၀၂၃ ခုနှစ်ကုန်ပိုင်းတွင် ၅၅ ဒသမ ၃ ရာခိုင်နှုန်းအထိ ရောက်ရှိနိုင်ပြီး ၂၀၂၄ ခုနှစ်တွင် ၅၅ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် ၅၆ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၂၇ ခုနှစ် တွင် ၅၇ ဒသမ ၂ ရာခိုင်နှုန်းအထိ အသီးသီးရောက်ရှိမြင့်မားလာနိုင်သည်ဟု ခန့်မှန်းထားပါသည်။

ဈေးကွက်စောင့်ကြည့်သူများကမူ တောင်ကိုရီးယားနိုင်ငံ၏ GDP တွင် ကြွေးမြီပါဝင်မှုအချိုးကို မြင့်မားခန့်မှန်းလာကြခြင်းမှာ နိုင်ငံ၏စီးပွားရေးနှေးကွေးမည်ဟု IMFက ခန့်မှန်းထားသည့်အတွက် ဖြစ်သည် ဟုဆိုကြပါသည်။ ကမ္ဘာ့အဓိက ငွေကြေးပိုင်ရှင်နိုင်ငံ (ဥပမာ– အမေရိကန်ပြည် ထောင်စု၊ အင်္ဂလန်နိုင်ငံ၊ ဂျပန်နိုင်ငံ စသည်တို့) အစိုးရများက ထုတ်ရောင်းသော ငွေချေးစာချုပ်ကို ဝယ်လိုအားမြင့်မားနေသည့်အတွက် ကမ္ဘာ့အဓိက ငွေကြေးပိုင်ရှင်နိုင်ငံမဟုတ်သည့် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ယင်းနိုင်ငံ၏ GDP တွင် ကြွေးမြီပါဝင်မှုအချိုး မြင့်မားနေမှုကို စိတ်ချရသည့် အနေအထားပြန်လည် ရောက်ရှိအောင် အထူးဂရုစိုက်စီမံခန့်ခွဲ ဖြေရှင်းသင့်ကြောင်း ဈေးကွက်စောင့်ကြည့်သူများက တိုက်တွန်းထားပါသည်။

Source: စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_280420230338

## ပြည်တွင်းကုန်သွယ်မှုသတင်း

### 2nd Ho Chi Minh City International Exhibition on the Food and Beverage Industry 2023" သို့ မြန်မာနိုင်ငံမှ လုပ်ငန်းများ ပါဝင်ပြသရန် ဖိတ်ကြား

ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၌ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်မည့် "2nd Ho Chi Minh City International Exhibition on the Food and Beverage Industry 2023" သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားလာသည်။

အဆိုပါပြပွဲ ကျင်းပရခြင်းရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်းများအတွက် အခက်အခဲများနှင့် စိန်ခေါ်မှု များကို ကျော်လွှားရန်၊ ဈေးကွက်ချဲ့ထွင်ရန်၊ ဟိုချီမင်းမြို့တော်၏ ထုတ်ကုန်ပစ္စည်းများ အားပံ့ပိုးရန်၊ ကုန်သွယ်ရေး ချိတ်ဆက်မှုများ ဖန်တီးပေးရန်၊ ဒေသခံစားသောက်ကုန်လုပ်ငန်းများအတွက် ထိရောက်သော ရင်းနှီးမြှုပ်နှံမှုရင်းမြစ်များအား ဆွဲဆောင်သွားနိုင်ရန် ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ ပြပွဲတွင် သက်ဆိုင်ရာနိုင်ငံအသီးသီး၏ အထွေထွေပြခန်း တစ်ခန်း (သို့မဟုတ်) လုပ်ငန်းတစ်ခုစီအလိုက် ပြခန်း တစ်ခန်းစီဖြင့် သက်ဆိုင်ရာ နိုင်ငံများ၏ အစားအသောက် ထုတ်ကုန်များကို မိတ်ဆက်ပြသနိုင်မည် ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade. gov.mm၊ ဖုန်း ၀၆၇–၄၀၈၆၂၂၊ ၀၆၇–၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက် ပြသနိုင်ကြောင်း သိရှိရပါသည်။

Source: https://www.facebook.com/mocommerce

### ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသော ထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း (Value Chain upgrading of Potential Fruit (Coconut) in Ayeyarwaddy Region) စတင်သည့်အခမ်းအနားကျင်းပခြင်း

ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသောထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းစတင်သည့် အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့၊ နံနက် (၁၀:၃၀) နာရီအချိန်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၁)၊ ပုသိမ်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးမှ ဝန်ကြီးချုပ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးမှ ဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများ စုစုပေါင်း (၅၀) ဦးခန့် တက်ရောက်ခဲ့ကြပြီး ထိုင်းနိုင်ငံ မဲခေါင်သိပ္ပံနှင့် အက်ခ်မက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အဖွင့်အမှာစကားပြောကြားပြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပါသည်။ ဆက်လက်၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက စီမံကိန်းအကြောင်းအရာများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

စီမံကိန်းကို ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (Ayeyawaddy–Chao Phraya–Mekong Economic Cooperation Strategy – ACMECS) ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ၂၀၂၃ ခုနှစ်၊ မေလ ၁ ရက်နေ့မှ

၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အုန်းသီးစိုက်ပျိုးထုတ်လုပ်သူများ၊ ပြုပြင်ထုတ်လုပ်သူများ အရည်အသွေးမီစွာ ထုတ်လုပ်လာနိုင်ပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန် ရည်ရွယ်ထားရှိကြောင်း သိရှိရပါသည်။ အခမ်းအနားကို နေ့လယ် (၁၂:၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။ Source: https://myantrade.gov.mm/event/

# ပြည်ပကုန်သွယ်မှုသတင်း

## မြန်မာနိုင်ငံမှ ဆန်တန်ချိန်အများအပြား အင်ဒိုနီးရှားနိုင်ငံမှ ဝယ်ယူမည်

အင်ဒိုနီးရှားအစိုးရပိုင် နိုင်ငံတော်အဆင့် စားနပ်ရိက္ခာဝယ်ယူသိုမှီးရေးအဖွဲ့ (Bulog) သည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၅ နိုင်ငံ မှ ဆန်တန်ချိန် (၃) သန်း ဝယ်ယူတင်သွင်းရန် ရည်မှန်းထားကြောင်း အင်ဒိုနီးရှားသတင်းဌာနမှ ရေးသားဖော်ပြထားပါသည်။  ဝယ်ယူသွားမည့်နိုင်ငံများမှာ ၂၀၂၂ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တင်ပို့ရောင်းချခဲ့သော မိတ်ဖက်နိုင်ငံများဖြစ်ကြောင်း သိရပါသည်။ ထိုနိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်နေပါသည် “ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အားကောင်းသော မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံများမှ  တင်သွင်းမှာ ဖြစ်ပါကြောင်း သိရသည်” ဟု Bulog ဥက္ကဋ္ဌဖြစ်သူ ဘူဒီဝါဆဲဆိုက ပြောပါသည်။

ဆန်တင်ပို့မည့်နိုင်ငံများနှင့် အရောင်းအဝယ်စာချုပ်များကို လက်မှတ်ရေးထိုးသွားမှာဖြစ်ပြီး ပြည်တွင်း လိုအပ်ချက်အရ သွင်းကုန်ခွဲတမ်းကို ဦးစွာ ချိန်ညှိမှာဖြစ်ကြောင်း ၎င်းက ဆိုပါတယ်။ Bulog က အစိုးရအဖွဲ့ ခွင့်ပြုချက်နှင့် ဆန်တန်ချိန် (၂) သန်း ကနဦး ဝယ်ယူရန် ခွင့်ပြုမိန့် ပါမစ်ရရှိထားပြီး ပြည်တွင်းဆန်လက်ကျန်အပေါ် မူတည်ကာ တစ်သုတ်ပြီးတစ်သုတ် တင်သွင်းသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ဆန်/ဆန်ကွဲ တန်ချိန် ၂ ဒသမ ၅ သန်း ရောင်းချနိုင်ရန် ရည်မှန်းထားပြီး ထိုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ (၁) ဘီလီယံ ရရှိရန် မျှော်လင့်ထားကြောင်း သိရပါသည်။ Source: https://t.me/htwettoe

Source: https://myantrade.gov.mm/article/naypyitaw_24042023_1049

## ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပျားရည် ၁,၉၀၀ တန်ကျော်တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပျားရည်တန်ချိန် ၁,၉၀၀ ကျော်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းကျော် ဝင်ငွေရရှိခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က  ဧပြီ ၁၁ ရက်တွင် ဆင်ဟွာသို့ပြောသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အတွင်း မြန်မာနိုင်ငံသည် ပင်လယ်ရေကြောင်းမှ ပျားရည်တန်ချိန် ၁၈၅၃ ဒသမ ၇၄ တန် တင်ပို့ခဲ့ပြီး နယ်စပ်မှတစ်ဆင့် ပျားရည် ၆၃ ဒသမ ၄၄ တန် တင်ပို့ခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မှ သိရသည်။

“ဒီနှစ်မှာ ထုတ်လုပ်မှု ကျဆင်းသွားတဲ့အတွက် ပျားရည်တင်ပို့မှု လျော့နည်းသွားခဲ့တယ်” ဟု ဦးစိုးနိုင်က ပြောသည်။ မြန်မာနိုင်ငံသည် ယခင်နှစ်များက ပျားရည်တန်ချိန် ၃,၀၀၀ ခန့် တင်ပို့ခဲ့ပြီး လွန်ခဲ့သည့်နှစ်များတွင် နှစ်စဉ် ပျားရည်တန်ချိန် ၄,၀၀၀ မှ ၅,၀၀၀ အထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း ဦးစိုးနိုင်ကဆိုသည်။ မြန်မာနိုင်ငံမှ ပျားရည်ကို တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ၏ ပျားမွေးမြူရေးခြံအများစုသည် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ထုတ်လုပ်သော ပျားရည်များမှာ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်း ပျားရည်၊ ရော်ဘာပျားရည်၊ လိုက်ချီးပျားရည်နှင့် ပန်းပေါင်းစုံပျားရည်တို့ဖြစ်ကြောင်း သိရသည်။ (Xinhua)

Source:https://xinhuamyanmar.com/news/business/nm-23040110019/

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအထောက်အပံ့ဆိုင်ရာ သဘောတူညီချက်ကို အမေရိကန်ပြည်ထောင်စုက သဘောတူလက်ခံခြင်း

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအထောက်အပံ့ဆိုင်ရာ သဘောတူညီချက်ကို ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့တွင် တရားဝင်လက်ခံခဲ့သည့် စတုတ္ထမြောက်နိုင်ငံဖြစ်လာခဲ့သည်။ ငါးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သော နိုင်ငံများအနက် ပထမဆုံးပါဝင်လာသော နိုင်ငံလည်းဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် Dr. Ngozi Okonjo-Iweala က အမေရိကန် ပြည်ထောင်စု၏ အဆိုပါ သဘောတူညီချက်အပေါ် သဘောတူလက်ခံခြင်းသည် ပင်လယ်သမုဒ္ဒရာ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ သဘောတူစာချုပ် အသက်ဝင်ရေးအတွက်လည်း အဖွဲ့ဝင်နိုင်ငံများအကြား အရှိန်အဟုန်တိုးမြင့်စေသည့် အရေးပါသော ဆောင်ရွက်မှုဖြစ်ကြောင်း၊ ယင်းသဘော တူညီချက်စတင် အသက်ဝင်နိုင်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံအားလုံး၏ သုံးပုံနှစ်ပုံက သဘော တူညီရန်လိုအပ်ကြောင်း၊ အမေရိကန်၏ ခေါင်းဆောင်မှုသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် နိုင်ငံစုံပါဝင်သောမူဝါဒတို့အတွက် အရေးပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သည် လူသားများနှင့် ကမ္ဘာမြေ၏ လိုအပ်ချက်များကို အမေရိကန်ပြည်ထောင်စု နှင့်အတူ ဆက်လက်ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ပူးပေါင်းသွားမည်ဖြစ်ကြောင်း ဝါရှင်တန်ဒီစီတွင် အမေရိကန် ပြည်ထောင်စု ၏ ကုန်သွယ်ရေးဝန်ကြီး Katherine Tai ထံမှ သဘောတူညီချက် အကြောင်းကြားစာအား လက်ခံရယူစဉ် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်ရေးဝန်ကြီး Katherine Tai က မျှဝေသုံးစွဲနေရသော သဘာဝပတ်ဝန်းကျင် ဖြစ်သည့် သမုဒ္ဒရာများနှင့် ရေသယံဇာတများအပေါ် မှီခို၍ အသက်မွေး ဝမ်းကြောင်းပြုသူများအတွက် ရေရှည်တွင် ထိခိုက်စေ နိုင်သော ဆောင်ရွက်မှုအလေ့အထများကို အမေရိကန်ပြည်ထောင်စုအနေဖြင့် အကာအကွယ်ပေးနေသည့် ခေါင်းဆောင်တစ်ဦး အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပထမဆုံးနိုင်ငံစုံကုန်သွယ်မှု သဘောတူညီချက်ကို ဦးစွာလက်ခံသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်များထဲတွင် ပါဝင်ခဲ့ခြင်းကို ဂုဏ်ယူပါကြောင်း၊ ငါးဖမ်း သမားများနှင့် အလုပ်သမားများ၏ လူနေမှုဘဝ တိုးတက်စေရေးနှင့် အဆိုပါသဘောတူညီချက်ကို အခြားကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင် များနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဂျီနီဗာမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၂) ကြိမ် မြောက် ဝန်ကြီးများအဆင့်ညီလာခံ (MC12) တွင် တူညီဆန္ဒဖြင့်သဘောတူညီခဲ့သည့် ငါးလုပ်ငန်းထောက်ပံ့ကူညီမှုဆိုင်ရာ သဘောတူညီချက်သည် ကမ္ဘာတစ်ဝှမ်း ငါးလျော့နည်းလာစေသည့် အထောက်အပံ့များ မပေးရေးအတွက် ကဏ္ဍစုံစည်းမျဉ်း သစ်များပါဝင်ပါသည်။ ထို့ပြင်အဆိုပါသဘောတူညီချက်ဆိုင်ရာတာဝန်များကို လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်နိုင် ရေးအတွက် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) ၏ လိုအပ်ချက်များကို အသိအမှတ်ပြု၍ နည်းပညာဆိုင်ရာ အကူအညီ ထောက်ပံ့ပေးရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါသဘောတူညီချက်တွင် တရားမဝင်သော၊ စာရင်းမပါရှိသော ဥပဒေအရထိန်းကျောင်းခြင်းမရှိသည့် ငါးဖမ်းခြင်း များ (illegal, unreported and unregulated – IUU) အတွက် အထောက်အပံ့များကို တားမြစ်ခြင်း၊ ငါးလျော့နည်း လာစေသည့် အလွန်အကျွံငါးဖမ်းမှုကို တားမြစ်ခြင်းနှင့် ကမ်းဝေးပင်လယ်ပြင်တွင် စည်းကမ်းလိုက်နာမှုမရှိသော ငါးဖမ်းခြင်း အတွက် အထောက် အပံ့များကို အဆုံးသတ်စေခြင်းတို့ ပါဝင်သည်။ အဖွဲ့ဝင်နိုင်ငံများမှ လက်ရှိသဘောတူညီချက်အပေါ် ထပ်မံပြင်ဆင်ပြဋ္ဌာန်းလိုသည့် အချက်များရရှိနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆွေးနွေး ရန်နှင့် (၁၃) ကြိမ်မြောက် ဝန်ကြီးများ အဆင့် ညီလာခံ (MC13) တွင် တင်ပြရန် MC12 ၌ သဘော တူညီခဲ့ပါသည်။ Source:https://www.commerce.gov.mm
https://myantrade.gov.mm/article/naypyitaw_25042023_1006

## တနင်္သာရီတိုင်းဒေသကြီးမှ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၂၆၂ သန်းကျော် ရရှိပြီးဖြစ်

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးမှ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၂၆၂ သန်းကျော် ရရှိပြီးဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီး ဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက် အရ သိရသည်။

"တနင်္သာရီတိုင်းဒေသကြီးကနေ ပြည်ပကို ရေထွက်ကုန်တိုက်ရိုက်တင်ပို့တဲ့ အပြင် ရန်ကုန်မြို့ကနေလည်း တစ်ဆင့် တင်ပို့ပါတယ်။ ပြည်ပတင်ပို့မှုအနေနဲ့ ရေထွက်ကုန်တန်ချိန် ၂၃၀၈၇၈ ဒသမ ၀၈၁ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၆၂ ဒသမ ၃၄၄ သန်းရရှိ ပါတယ်" ဟု ၎င်းကပြော သည်။

တနင်္သာရီတိုင်းဒေသကြီးမှ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း ပြည်ပသို့ တိုက် ရိုက်တင်ပို့မှုအနေဖြင့် ရေထွက်ကုန်တန်ချိန် ၂၂၇၆၇၁ ဒသမ ၉၃၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၆၆၈ သန်းရရှိခဲ့ကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပသို့တင်ပို့မှုအနေဖြင့် ရေထွက် ကုန်တန်ချိန် ၃၂၀၆ ဒသမ ၁၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၆၇၆ သန်းရရှိခဲ့ရာ စုစုပေါင်း ရေထွက်ကုန် တန်ချိန် ၂၃၀၈၇၈ ဒသမ ၀၈၁ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၆၂ ဒသမ ၃၄၄ သန်း ရရှိကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်တင်ပို့ ရာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တွင် ရေထွက်ကုန်တန်ချိန်စုစုပေါင်း ၂၈၀၉၆၆ ဒသမ ၅၇၉ တန်တင်ပို့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ စုစုပေါင်း ၂၆၂ ဒသမ ၃၄၄ သန်းရရှိခဲ့ကြောင်း သိရှိရပါသည်။

Source: https://www.myawady.net.mm/node/39524

## ပို့ကုန်ပဲများ ဈေးဆက်လက်မြင့်တက်လာသော်လည်း တရုတ်လိုင်းတင်ပို့သည့် ပဲနှမ်းအချို့ ဈေးကျဆင်းနေ

ပို့ကုန်ပဲများ ဆက်လက်ဈေး မြင့်တက်လာသော်လည်း တရုတ် လိုင်းတင်ပို့သည့် ပဲနှမ်းအုပ်စု ဈေးကျဆင်း အဝယ်ရပ်နေကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။ ရန်ကုန်ပို့ကုန် လိုင်းတွင် အရောင်းအဝယ်ပုံမှန်ရှိနေသော်လည်း ဧပြီ ၂၃ ရက်က တရုတ်နယ်စပ်တွင် တရုတ်အစိုးရ၏ အခွန်ဆိုင်ရာသတ်မှတ်ချက်များကြောင့် တရုတ်ပဲနှမ်းကုန်သည်အချို့ ထိန်းသိမ်းခံရမှု သတင်းများကြောင့် မန္တလေးပဲဈေးကွက်တွင် အဝယ်အေး သွားခြင်းဖြစ်ကြောင်းသိရသည်။

ဧပြီလကုန်ပိုင်းတွင် ပို့ကုန်ပဲများ အပါအဝင် ပြည်တွင်းသုံး ကုလားပဲအုပ်စုနှင့် မြေပဲဆန်မှာ အရောင်းအဝယ် ဆက်လက်ကောင်းမွန်နေပြီး တရုတ်ပို့ကုန်ဖြစ်သည့် နှမ်းနက်၊ ပဲတီစိမ်းနှင့် ပဲမာလိုင်း အချို့ဈေးအေးအဝယ်ရပ်နေကြောင်း အိန္ဒိယဝယ်လိုအားကောင်းသော်လည်း အဝယ်ကုန်သည်များ၏ လိမ္မာပါးနပ်စွာ ဝယ်ယူမှုကြောင့် ပို့ကုန်ပဲများမှာ တဖြည်းဖြည်း မြင့်တက်လာသည့် ဈေးကွက်ဖြစ်နေကြောင်း မြဝတီလမ်းကြောင်းမှ မြေပဲဆန် အဝယ်ရှိတာကြောင့် ဈေးကျဆင်းသည့် မြေပဲဆန်မှာ အနည်းငယ်သာ ကျဆင်းပြီး အရောင်းအဝယ်ကောင်းနေကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပို့ကုန်ပဲဈေးတွေကတော့ ဈေးမကျပါဘူး။ ပုံမှန်အဝယ်ရှိ နေပါတယ်။ မတ်ပဲတစ်အိတ် ငွေကျပ် ၂၀၅၀၀၀-၂၀၆၀၀၀၊ပဲစင်းငုံတစ်အိတ် ငွေကျပ် ၂၂၅၀၀၀- ၂၂၆၀၀၀ ပုံမှန် အရောင်းအဝယ်ရှိ နေပါတယ်။ အိန္ဒိယဝယ်လိုအား ကောင်းပေမယ့် ဝယ်လက်သမားတွေက ထိန်းပြီးဝယ်နေလို့ ဈေးကတော့ပုံမှန်လေးတက်နေတာပါ။ မြေပဲဆန်၊ နှမ်း၊ ပဲတီစိမ်းကတော့ အရောင်းအဝယ် ခပ်အေးအေး ဖြစ်နေပါတယ်။ မြေပဲဆန်ကတော့ မြဝတီလမ်းကြောင်း အဝယ်ရှိလို့ အရောင်းအဝယ်သွက် နေပါတယ်။ တရုတ်ပြည်မှ အဝင်ရှိတဲ့ ပဲတွေ ဈေးကွက်ရပ်နေပါ တယ်"ဟု ၎င်းက ပြောသည်။

ဧပြီ ၂၇ ရက်တွင် ဈေးမြင့်တက်လာသည့် ပို့ကုန်မတ်ပဲ (သစ်) ၆၀ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၀၆၄၀၀၀၊ ပဲစင်းငုံ (သစ်) ၆၀ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀-၂၃၂၀၀၀၊ ပဲတီစိမ်း ရွှေဝါ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးသာရှိပြီး တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ကျော် ဆက်လက်ဈေးမြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင်ပေါက်ဈေးများအရ သိရသည်။

ပြည်တွင်း ပဲ၊ နှမ်းဈေးကွက် တစ်ခုလုံး ဈေးမြင့်တက်အရောင်း အဝယ်သွက်နေရာ ပို့ကုန်ပဲအချို့ ဈေးမြင့်တက်သော်လည်း တရုတ်လိုင်းပဲဈေးကွက် ကျဆင်းသွားရာ ဧပြီ ၂၇ ရက်တွင် ကုလားပဲ V2 တစ်အိတ်မှာ ငွေကျပ်၂၁၈၀၀၀၊ ပဲကြီးတစ်အိတ်ငွေကျပ် ၂၆၀၀၀၀၊ ပဲထောပတ်တစ်အိတ် ငွေကျပ် ၂၄၀၀၀၀၊ မြေထောက်ပဲ တစ်အိတ် ငွေကျပ်၂၉၀၀၀၀၊ မြေပဲအနီလုံးဆန်တစ်ပိဿာ ငွေကျပ် ၇၃၀၀- ၇၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ တရုတ်နယ်စပ်ရှိ တရုတ် ပဲကုန်သည်များ အခွန်ဆိုင်ရာသတ်မှတ်ချက်များကြောင့် ဖမ်းဆီးထိန်းသိမ်းခံရသည့်သတင်းကြောင့် ပြည်တွင်း ပဲနှမ်းဈေးကွက်အရောင်း အဝယ်ခပ်အေးအေးရှိနေသည်။

Source: မကွေးဂျာနယ်

Source: https://myantrade.gov.mm/article/naypyitaw_28042023_120

## “East–West Economic Corridor (EWEC) International Trade, Tourism, and Investment Fair–Da Nang 2023” သို့ မြန်မာနိုင်ငံမှ လုပ်ငန်းများ ပါဝင်ပြသရန်ဖိတ်ကြား

ဗီယက်နမ်နိုင်ငံ၊ ဒါနန်းမြို့၌ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်မှ ၈ ရက်အထိ ကျင်းပပြုလုပ်မည့် “East–West Economic Corridor (EWEC) International Trade, Tourism, and Invetment Fair–Da Nang 2023” သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားလာသည်။

ပြပွဲတွင် မြန်မာကိုယ်စားလှယ်များအတွက် ပြခန်း (၂) ခန်းအား အခမဲ့စီစဉ်ပေးမည်ဖြစ်သည်။ ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများ၊ နိုင်ငံတကာမိတ်ဖက်နိုင်ငံများနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ အီးမေးလ် moctradefair@ myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂ ၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သတင်းရရှိသည်။

Source: https://commerce.gov.mm/my/article/

## ကမ္ဘာ့သကြား ဈေးမြင့်တက်နေသည့်အတွက် ပြည်တွင်းသကြား ဈေးလိုက်လံမြင့်တက်

ကမ္ဘာ့သကြားဈေးမှာ မြင့်တက်နေသည့်အတွက် လက်ကျန်နည်းနေသည့်ပြည်တွင်း သကြားဈေးမှာ လိုက်လံမြင့်တက်လာခြင်း ဖြစ်ကြောင်းသိရသည်။ ကမ္ဘာ့သကြားဈေးမှာ တစ်တန်လျှင် ယခင်က ဒေါ်လာ ၆၇၀၊ ၆၈၀ သာ ရှိခဲ့ပြီး လက်ရှိ တစ်တန်လျှင် ၇၁၁ ဒေါ်လာအထိ မြင့်တက်လာခြင်းဖြစ်ကြောင်းသိရပါသည်။

"လက်တလော ကမ္ဘာ့ သကြားဈေးက တော်တော်မြင့်တက်နေတယ်။ ဒါကြောင့် ပြည်တွင်းဈေးက လိုက်လံမြင့်တက်လာတဲ့သဘောပါ။ နောက်ပြီး export ထွက်ထားတော့ သကြားလက်ကျန်တော်တော်နည်းနေတယ်၊ ကမ္ဘာ့ဈေးကလဲ တက်နေတော့ ပြည်တွင်းမှာလဲ နောက်ဆုံးပိတ် အရောင်းဝယ်ဖြစ်သွားတဲ့ဈေး က ၃၁၇၅ ပါ၊ စက်ရုံဈေး ပေါ့" ဟု မြန်မာနိုင်ငံ သကြားနှင့် ကြံထွက် ပစ္စည်းလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးစိန်းထွန်း ကပြောထားသည်။

ယခင်က သကြား တစ်ပိဿာလျှင် ၂၉၃၀ ကျပ်သာပေါက်ဈေးရှိပြီး လက်ရှိ တစ်ပိဿာလျှင် ၃၁၇၅ ကျပ် အထိ အမြင့်ဈေးတွင်ရှိကြောင်း သိရသည်။ လက်ရှိ export အနေဖြင့် ဗီယက်နမ်သို့ အများဆုံး တင်ပို့နေပြီး မကြိတ်ခင်တည်းက ကြိုတင်စာချုပ်ချုပ်ဆိုထားသည့် သကြားတန်ချိန်များကို တင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။ လက်ရှိအချိန်အထိ ဗီယက်နမ်နိုင်ငံသို့ ပျမ်းမျှ တန်ချိန် ၉သောင်း ခန့်တင်ပို့ထားကြောင်း သိရသည်။

"သကြားထွက်ပြီး ဒီချိန်က သကြားဈေး အရမ်းတက်တဲ့ အချိန်မဟုတ်ဘူး၊ မိုးအကုန် ဆောင်းအစမှာ စတက်တာပေါ့၊ ပြည်ပ export ပုံမှန် သွားနေရတာကြောင့် ဈေးကတော့ အတက်ဈေးမှာပဲရှိမှာပါ" ဟု သကြားကုန်သည်တစ်ဦး ကပြောသည်။ ယခုနှစ်သကြားဈေးကွက် ကောင်းမွန်နေသည့်အတွက် ပြည်တွင်းသကြားစက်ရုံအသီးသီးမှ ကြံဈေးနှုန်းများကို တိုးမြှင့်ပေးခဲ့ကြောင်း ကြံစိုက်တောင်သူများထံမှသိရသည်။ ပြည်တွင်းသကြားစက်ရုံများအနေဖြင့် ကြံကြိတ်ရာသီအတွက် ကြံဈေး ၉ သောင်း သတ်မှတ်ထားရာမှ လက်ရှိသကြားဈေးကောင်းနေ၍ စက်ရုံအလိုက် ကြံဈေးများကို ၉၅၀၀၀မှ ၁၀၀၀၀၀အထိ တိုးပေးဝယ်နေခဲ့ကြောင်း သိရသည်။

ကိုဗစ်ကြောင့် ပြီးခဲ့သည့် နှစ်များက သကြားဈေးကွက်မှာ အရှုံးပေါ်ခဲ့ပြီး ကြံစိုက်ဧကများကို လျော့ချစိုက်ပျိုးခဲ့ခြင်းများလည်း ရှိခဲ့ကာ ယခုနှစ်တွင် ဈေးကောင်းရနေသည့်အတွက် သကြားတိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း ကြံစိုက်တောင်သူများထံမှသိရသည်။ တစ်နှစ်လျှင် ပျမ်းမျှ သကြားတန်ချိန် ၄ သိန်းခန့်ထွက်ရှိကြောင်း ကြံစိုက်တောင်သူများထံမှ သိရသည်။ မြန်မာနိုင်ငံ၏ ကြံကြိတ်ခွဲရာသီသည် နှစ်စဉ် ဒီဇင်ဘာလတွင် စတင်ကာ ဧပြီလဆန်းပိုင်းတွင် ကုန်ဆုံးလေ့ရှိပြီး ကြံကိုအဓိကအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်းနှင့် အနောက်ခြမ်း)၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် စိုက်ပျိုးနေခြင်းဖြစ်ကြောင်း သိရသည်။

Source: https://t.me/htwettoe

Source: https://myantrade.gov.mm/article/naypyitaw_02052023_333

# အထူးဆောင်းပါးများ

## အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမူဝါဒသစ်သည် ပြည်တွင်းကုန်ထုတ်လုပ်မှုကို ပိုမိုမြှင့်တင်ပေးနိုင်မည်

ပို့ကုန်ထုတ်လုပ်မှုအတွက် တင်သွင်းလာမည့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများကို အခွန်ကောက်ခံခြင်းမပြုသည့် ပို့ကုန်မြှင့်တင်ရေး ရင်းနှီးမြှုပ်နှံမှုကုန်စည်အစီအစဉ်(The Export Promotion Capital Goods Scheme-EPCG)ကို အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမူဝါဒအသစ်တွင် ပြင်ဆင်ထည့်သွင်းဆောင်ရွက်ပြီးနောက် ပြည်တွင်းကုန်ထုတ်လုပ်မှုကို ပိုမိုအားပေးမြှင့်တင်နိုင်ရန် မျှော်လင့်ထားကြောင်း Business Standard သတင်းစာတွင် ဖော်ပြထားပါသည်။

ဥပမာအားဖြင့် ဝန်ကြီးချုပ်၏ရည်မှန်းချက်အပေါ်အခြေခံ၍ ကြီးမားစွာပေါင်းစပ်ထားသည့် အထည်အလိပ်ထွက်ရှိရာဒေသနှင့် အဝတ်အစားထုတ်လုပ်သည့်နေရာ (Prime Minister Mega Integrated Textile Region and Apparel Parks – PM MITRA) အစီအစဉ်ကို ပို့ကုန်မြှင့်တင်ရေးရင်းနှီးမြှုပ်နှံမှုကုန်စည်အစီအစဉ်အောက်တွင် ထည့်သွင်းလိုက်ခြင်းအားဖြင့် အခွင့်အလမ်းများ ထပ်တိုးခံစားခွင့်ရှိစေရန် ဆောင်ရွက်ခြင်းများကို တွေ့ရှိရပါကြောင်း၊ နို့ထွက်ပစ္စည်းများကိုလည်း ပို့ကုန်ဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်အချက်များမှ ကင်းလွတ်ခွင့်ပြုခြင်းအားဖြင့် အားပေးမြှင့်တင်မှုများ ဆောင်ရွက်လျက် ရှိကြောင်း၊

ဘက်ထရီနှင့် လျှပ်စစ်အသုံးပြုသည့် ယာဉ်မျိုးစုံ၊ ရေဆိုးများသန့်စင်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်းလုပ်ငန်းများ၊ မိုးရေစုဆောင်းသည့်စနစ်နှင့် သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိသည့် နည်းပညာထုတ်ကုန်များကို EPCG အစီအစဉ်အောက်တွင် ပို့ကုန်ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များမှ ဖြေလျှော့ကင်းလွတ်ခွင့်ပြုထားပါကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြထားပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကုန်သွယ်မှုဆိုင်ရာ နစ်နာဆုံးရှုံးမှုများကို လေ့လာဆန်းစစ်ရန်အတွက် ဝန်ကြီးဌာနများအကြား ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့မူဝါဒအရ အစိုးရဌာနများအားလုံးပါဝင်သော ကိုင်တွယ်ဖြေရှင်းသည့်နည်းလမ်းကို အသုံးပြုခြင်းသည် ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း Business Standard သတင်းစာတွင် ဖော်ပြထားပါသည်။

Faridabad၊ Mirzapur၊ Moradabad နှင့် Varanasi မြို့တို့ကို ပို့ကုန်မြှင့်တင်နိုင်မှု အကောင်းဆုံးမြို့သစ် ၄ မြို့အဖြစ် ယခင်သတ်မှတ်ထားပြီးဖြစ်သော ၃၉ မြို့အပြင် ထပ်တိုးသတ်မှတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ရက်ကန်းလုပ်ငန်း၊ လက်မှုပညာပစ္စည်းနှင့် ကော်ဇောများကို ပြည်ပသို့ ပိုမိုထိုးဖောက်တင်ပို့နိုင်မည်ဟု မျှော်လင့်ထားပါကြောင်း၊ အဆိုပါမြို့များအနေဖြင့် ဈေးကွက်အခွင့်အလမ်းလက်ဦးရယူမှုအစီအစဉ်(Market Access Initiative) အစီအစဉ်အောက်တွင် ပို့ကုန်မြှင့်တင်ရေးရန်ပုံငွေကိုကို ဦးစားပေးရရှိနိုင်သည့် အခွင့်အလမ်းများလည်းရှိသည့်အပြင် EPCG အစီအစဉ်အောက်မှ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် အထွေထွေဝန်ဆောင်မှုဆောင်ရွက်သူများအတွက် ထောက်ပံ့ကြေးများကိုလည်း ရယူဆောင်ရွက်နိုင်မည်ဖြစ်သည်ဟု တရားဝင်ကြေညာထားကြောင်း Business Standard သတင်းစာတွင် ဖော်ပြထားပါသည်။

အခွန်ဦးစီးဌာန၊ စာတိုက်လုပ်ငန်းဌာန၊ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး ညွှန်ကြားမှုဦးစီးဌာနများ ပါဝင်ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနများအတွင်း ကော်မတီသည် ကုန်သွယ်မှုမူဝါဒအသစ်တွင် အဓိကအခန်းကဏ္ဍတစ်ခုဖြစ်သည့် အီလက်ထရောနစ်ဆက်သွယ်ရေးနည်းဖြင့် ကူးသန်းရောင်းဝယ်ခြင်း(e-commerce)ဖြင့် ပို့ကုန်ဆောင်ရွက်မှု လွယ်ကူချောမွေ့စေရန် လမ်းပြမြေပုံကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကုန်သွယ်မှုမူဝါဒအသစ် အောက်တွင် ပို့ကုန်ဗဟိုဌာနကဲ့သို့သော အီလက်ထရောနစ်ဆက်သွယ်ရေးနည်းဖြင့် ကူးသန်းရောင်းဝယ်မှုစနစ်(e-commerce as export hub – ECEH) ကို ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့်သော်လည်းကောင်း၊ ပုဂ္ဂလိက-အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့်သော်လည်းကောင်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ECEH အနေဖြင့် အီလက်ထရောနစ်ဆက်သွယ်ရေးနည်းဖြင့်ဆောင်ရွက်သည့် ပို့ကုန်လုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များတစ်စုတစ်စည်းတည်း ရရှိခံစားနိုင်အောင် ချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ECEH သည် ပို့ကုန်လုပ်ငန်းအတွက် လိုအပ်သည့် အအေးခန်းသိုလှောင်ရုံများအပါအဝင် ကုန်လှောင်ရုံများ၊ ကုန်စည်ထုပ်ပိုးခြင်းများ၊ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း၊ တရားဝင်လက်မှတ်များထောက်ခံထုတ်ပေးခြင်း၊ ကုန်ပစ္စည်းအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းနှင့် အခြားသောလိုအပ်သည့် အထွေထွေကိစ္စရပ်များကို လွယ်ကူချောမွေ့မှုရှိစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ECEH သည် ပို့ဆောင်ဆက်သွယ်ရေးအတွက် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦများ၊ အနီးဆုံးထောက်ပံ့ပို့ဆောင်ရေးစင်တာများ၏ ဝန်ဆောင်မှုများရရှိရေးတို့ကိုလည်း ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဟု အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမူဝါဒတွင်ပါရှိကြောင်း Business Standard သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ကြီးမားသည့်အခွင့်အလမ်းများကို ရရှိနိုင်ရန်အတွက် အီလက်ထရောနစ်ဆက်သွယ်မှုနည်းဖြင့် ပို့ကုန်ဆောင်ရွက်ရာတွင် စနစ်တကျစီမံထားသည့် စံနမူနာသတ်မှတ်ချက်များ ချမှတ်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒီဂျစ်တယ်စီးပွားရေးနှင့် နည်းပညာအခြေပြုပို့ကုန်ပစ္စည်းများကို အထောက်အပံ့ပြုသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် မှန်ကန်သည့်လမ်းကြောင်းသို့ ဦးတည်နေသည့် ကောင်းမွန်သောလက္ခဏာတစ်ရပ်ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမူဝါဒအသစ်တွင် အီလက်ထရောနစ်ဆက်သွယ်မှုစနစ်ဖြင့် ကူးသန်းရောင်းဝယ်မှုကို ထည့်သွင်းဖော်ပြထားခြင်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ နိုင်ငံတကာယှဉ်ပြိုင်နိုင်စွမ်းနှင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးအား အမေရိကန်ဒေါ်လာ ၅ ထရီလီယံအထိ ရောက်ရှိရန် ရည်မှန်းချက်များအပေါ် အထောက်အကူဖြစ်စေနိုင်သည်ဟု အငြိမ်းစားအရာရှိဟောင်းတစ်ဦးဖြစ်သူ Aruna Sharma က ပြောကြားထားကြောင်း Business Standard သတင်းစာတွင် ဖော်ပြထားပါသည်။

Source: New foreign trade policy set to boost domestic manufacturing, Business Standard, 1 April 2023

Foreign Trade Policy 2023 Announced, https://pib.gov.in/pressrelease , 31 March 2023

Source: စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

Source: https://myantrade.gov.mm/article/STP(Yangon)-26042023-15:14

# ကုန်သွယ်မှုအခြေအနေ

## ၂၀၂၃၊ ဧပြီလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| 1 | သဘာဝဓာတ်ငွေ့ | kg | 24,152,613.390 | 237.377 |
| 2 | ချုပ်ပြီးအထည် | ခုရေ | 34,257,234.606 | 201.182 |
| 3 | ပြောင်း | မတန် | 119,367.500 | 36.990 |
| 4 | မတ်ပဲ | မတန် | 41,070.520 | 31.970 |
| 5 | ပဲတီစိမ်း | မတန် | 36,024.751 | 23.935 |
| 6 | ဆန် | မတန် | 47,277.000 | 21.527 |
| 7 | ဆန်ကွဲ | မတန် | 45,671.000 | 17.386 |
| 8 | ပဲစင်းငုံ | မတန် | 17,576.025 | 14.034 |
| 9 | ရော်ဘာစိမ်း | မတန် | 11,027.190 | 13.632 |
| 10 | ငါး | မတန် | 8,217.569 | 10.644 |

| စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|
| 1 | ရေနံထွက်ပစ္စည်းများ | 454.595 |
| 2 | စက်နှင့်စက်ပစ္စည်းများ | 134.789 |
| 3 | ချည်ထည်များ | 119.872 |
| 4 | ဓါတုဗေဒပစ္စည်းများ | 74.437 |
| 5 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 70.423 |
| 6 | စားအုန်းဆီ | 53.079 |
| 7 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 52.325 |
| 8 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 35.611 |
| 9 | ဓာတ်မြေသြဇာများ | 27.773 |
| 10 | ဆေးဝါးပစ္စည်းများ | 26.542 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

**တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း**

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၃-၂၀၂၄ (၂၈-၄-၂၀၂၃ )ထိ | ၂၀၂၂-၂၀၂၃ (၂၈-၄-၂၀၂၃ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 239.725 | 331.538 | -91.813 |
| ၂ | တိရစ္ဆာန်ထွက် | 0.307 | 2.370 | -2.063 |
| ၃ | ရေထွက် | 25.448 | 46.783 | -21.335 |
| ၄ | သတ္တုတွင်းထွက် | 11.027 | 64.284 | -53.257 |
| ၅ | သစ်တောထွက် | 4.857 | 10.671 | -5.814 |
| ၆ | စက်မှုကုန်ချော | 544.152 | 630.650 | -86.498 |
| ၇ | အခြား | 44.256 | 21.534 | 22.722 |
| | **စုစုပေါင်း** | **869.772** | **1107.830** | **-238.058** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၃-၂၀၂၄ (၂၈-၄-၂၀၂၃)ထိ | ၂၀၂၂-၂၀၂၃ (၂၈-၄-၂၀၂၃)ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 364.956 | 279.511 | 85.445 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 673.269 | 354.955 | 318.314 |
| ၃ | လူသုံးကုန်ပစ္စည်း | 182.745 | 231.435 | -48.690 |
| ၄ | CMP | 221.256 | 230.554 | -9.298 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **1442.226** | **1096.455** | **345.771** |

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၃၊ ဧပြီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၂.၅.၂၀၂၃) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စ | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | – | 80000–82000 |
| မြောင်းမြ | 53000–57000 | 82000–85000 |
| ဒေးဒရဲ | 53000–57000 | 80000–82000 |
| ဝါးခယ်မ | 53000–57000 | 75000–79000 |
| ဘိုကလေး | 53000–56000 | 79000–80000 |
| မော်လမြိုင်ကျွန်း | 53000–57000 | 75000–79000 |
| လပွတ္တာ | 53000–57000 | 75000–79000 |
| ကျိုက်လတ် | 53000–56000 | 75000–77000 |
| ဘုရင့်နောင် | 53000–54500 | 93500–105000 (ရွှေဘို) |

**Source: MRF**

### ၂၀၂၃၊ ဧပြီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 3.4.2023 | 1200-1250 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 |
| 2 | 18.4.2023 | 1225-1275 | 1175-1225 | 1125-1175 | 1075-1125 | 1025-1075 |
| 3 | 24.4.2023 | 1225-1275 | 1175-1225 | 1125-1175 | 1075-1125 | 1025-1075 |

Source: MRPP

### ၂၀၂၃၊ ဧပြီလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွဲနီ(ရှယ်)(သစ်) | | | ညှော်မထ | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 3.4.2023 | 72000 | 71000 | 70000 | 64500 | 63500 | 63000 | 54000 | 53000 | 52000 | 54000 | 535000 | 53000 |
| 2 | 4.4.2023 | 72000 | 71000 | 70000 | 64500 | 63500 | 63000 | 54000 | 53000 | 52000 | 54000 | 535000 | 53000 |
| 3 | 5.4.2023 | 72000 | 71000 | 70000 | 64500 | 63500 | 63000 | 54000 | 53000 | 52000 | 54000 | 535000 | 53000 |
| 4 | 6.4.2023 | 72000 | 71000 | 70000 | 64500 | 63500 | 63000 | 54000 | 53000 | 52000 | 54000 | 535000 | 53000 |
| 5 | 7.4.2023 | 72000 | 71000 | 70000 | 64500 | 63500 | 63000 | 54000 | 53000 | 52000 | 54000 | 535000 | 53000 |
| 6 | 18.4.2023 | 72000 | 71000 | 70000 | 68000 | 67000 | 66000 | 54000 | 53000 | 52000 | 54000 | 535000 | 53000 |
| 7 | 19.4.2023 | 72000 | 71000 | 70000 | 68000 | 67000 | 66000 | 54000 | 53000 | 52000 | 54000 | 535000 | 53000 |
| 8 | 20.4.2023 | 72000 | 71000 | 70000 | 68000 | 67000 | 66000 | 54000 | 53000 | 52000 | 54000 | 535000 | 53000 |
| 9 | 21.4.2023 | 72000 | 71000 | 70000 | 68000 | 67000 | 66000 | 54000 | 53000 | 52000 | 54000 | 535000 | 53000 |
| 10 | 24.4.2023 | 72000 | 71000 | 70000 | 70000 | 69000 | 68000 | 56000 | 55000 | 54000 | 55000 | 54000 | 53500 |
| 11 | 25.4.2023 | 72000 | 71000 | 70000 | 70000 | 69000 | 68000 | 56000 | 55000 | 54000 | 55000 | 54000 | 53500 |
| 12 | 26.4.2023 | 72000 | 71000 | 70000 | 70000 | 69000 | 68000 | 56000 | 55000 | 54000 | 55000 | 54000 | 53500 |
| 13 | 27.4.2023 | 72000 | 71000 | 70000 | 70000 | 69000 | 68000 | 56000 | 55000 | 54000 | 55000 | 54000 | 53500 |
| 14 | 28.4.2023 | 72000 | 71000 | 70000 | 70000 | 69000 | 68000 | 56000 | 55000 | 54000 | 55000 | 54000 | 53500 |

**Source: Myanmar Rice**

## ၂၀၂၃၊ ဧပြီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc 2022 | ပဲစင်းငုံ RC 2022 | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| 1 | 3.4.2023 | 2063000 | 2371000 | 1426900–1482000 | 2296500 | 2204600–2247500 | 2342400 |
| 2 | 4.4.2023 | 2062000 | 2375000 | 1377900–1482000 | 2296500 | 2204600–2247500 | 2342400 |
| 3 | 5.4.2023 | 2057000 | 2367500 | 1377900–1482000 | 2296500 | 2204600–2247500 | 2342400 |
| 4 | 6.4.2023 | 2055500 | 2380000 | 1377900–1482000 | 2296500 | 2204600–2247500 | 2342400 |
| 5 | 7.4.2023 | 2055000 | 2380000 | 1377900–1482000 | 2296500 | 2204600–2247500 | 2342400 |
| 6 | 18.4.2023 | 2067000 | 2395000 | 1377900–1482000 | 2296500 | 2244400–2278100 | 2342400 |
| 7 | 19.4.2023 | 2070000 | 2389000 | 1377900–1482000 | 2296500 | 2275000–2296500 | 2342400 |
| 8 | 20.4.2023 | 2068000 | 2387500 | 1377900–1482000 | 2296500 | 2275000–2296500 | 2342400 |
| 9 | 21.4.2023 | 2070000 | 2370000 | 1377900–1482000 | 2296500 | 2314800–2348500 | 2342400 |
| 10 | 24.4.2023 | 2068000 | 2390000 | 1377900–1482000 | 2296500 | 2296500–2348500 | 2342400 |
| 11 | 25.4.2023 | 2075000 | 2400000 | 1377900–1482000 | 2296500 | 2296500–2348500 | 2342400 |
| 12 | 26.4.2023 | 2115000 | 2430000 | 1377900–1482000 | 2296500 | 2296500–2348500 | 2342400 |
| 13 | 27.4.2023 | 2147000 | 2435000 | 1377900–1482000 | 2296500 | 2296500–2348500 | 2342400 |
| 14 | 28.4.2023 | 2183000 | 2450000 | 1377900–1482000 | 2296500 | 2296500–2348500 | 2342400 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ ဧပြီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 3.4.2023 | 2761900–2820100 | 1194200–1276800 | 1408500–1482000 | 1837200–1889200 | 734900–747100 |
| 2 | 4.4.2023 | 2761900–2820100 | 1194200–1276800 | 1408500–1482000 | 1837200–1889200 | 734900–747100 |
| 3 | 5.4.2023 | 2761900–2820100 | 1194200–1276800 | 1408500–1482000 | 1837200–1889200 | 734900–747100 |
| 4 | 6.4.2023 | 2761900–2820100 | 1194200–1276800 | 1408500–1482000 | 1837200–1889200 | 734900–747100 |
| 5 | 7.4.2023 | 2761900–2820100 | 1194200–1276800 | 1396200–1482000 | 1837200–1889200 | 734900–747100 |
| 6 | 18.4.2023 | 2761900–2820100 | 1224800–1276800 | 1396200–1482000 | 1837200–1889200 | 734900–747100 |
| 7 | 19.4.2023 | 2817000–2875200 | 1224800–1307500 | 1396200–1482000 | 1837200–1889200 | 734900–747100 |
| 8 | 20.4.2023 | 2817000–2875200 | 1224800–1307500 | 1396200–1482000 | 1837200–1889200 | 734900–747100 |
| 9 | 21.4.2023 | 2817000–2875200 | 1224800–1307500 | 1408500–1482000 | 1837200–1889200 | 734900–747100 |
| 10 | 24.4.2023 | 2872100–2982300 | 1224800–1307500 | 1408500–1482000 | 1837200–1889200 | 734900–747100 |
| 11 | 25.4.2023 | 2872100–2982300 | 1224800–1307500 | 1426900–1482000 | 1837200–1889200 | 734900–747100 |
| 12 | 26.4.2023 | 2774100–2798600 | 1224800–1307500 | 1426900–1482000 | 1837200–1889200 | 734900–747100 |
| 13 | 27.4.2023 | 2774100–2798600 | 1224800–1307500 | 1426900–1482000 | 1837200–1889200 | 734900–747100 |
| 14 | 28.4.2023 | 2872100–2927200 | 1224800–1307500 | 1426900–1482000 | 1837200–1889200 | 734900–747100 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 3.4.2023 to 7.4.2023 | 18.4 .2023 to 21.4.2023 | 24.4.2023 to 28.4.2023 |
|---|---|---|---|---|
| မတ်ပဲ (2022 -23crop) | FAQ | 860-880 | 865-885 | 885-905 |
| | SQ | 965-985 | 965-985 | 985-1005 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 930-980 | 930-980 | 955-1005 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 990-1040 | 990-1040 | 1015-1065 |
| | အခွံပါ အခြမ်း | 875-925 | 875-925 | 900-950 |
| ပဲတီစိမ်း (2022-23 Crop) | FAQ (အညာ) | 880-910 | 880-910 | 880-910 |
| | ရွှေဂါအကြီး (Size  3.5 mm &up) | 1000-1020 | 1000-1020 | 1000-1020 |
| | ရွှေဂါအကြီး (Size  3.25 mm &up) | 980-1000 | 980-1000 | 980-1000 |
| | ရွှေဂါအသေး (Under 3.5 mm) | 900-930 | 900-930 | 900-930 |
| ပဲတီစိမ်း (2022 -23 Crop) | FAQ ပဲနောက် | 600-630 | 600-630 | 600-630 |
| | SQ ပဲနောက် | 740-780 | 740-780 | 740-780 |
| | အခွံချွတ်အလုံးကြီးအခြမ်း (အညာ) | 1050-1100 | 1050-1100 | 1050-1100 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 725-750 | 725-750 | 725-750 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 800-850 | 800-850 | 800-850 |
| ပဲစင်းငုံ (2022 -23 Crop) | အနီ | 950-970 | 950-970 | 970-990 |
| ပဲစင်းငုံ (2023 Crop) | အဖြူ(စစ်ကိုင်း) | 900-920 | 900-920 | 920-940 |
| | အခွံချွတ်အခြမ်း | 1275-1300 | 1275-1300 | 1300-1325 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 875-925 | 875-925 | 875-925 |
| | အခွံချွတ်အခြမ်း | 1200-1250 | 1200-1250 | 1200-1250 |
| ပဲလွန်းဖြူ | FAQ | 605-625 | 605-625 | 590-610 |
| | SQ | 615-665 | 615-665 | 625-665 |
| | အခွံချွတ်အခြမ်း | 820-870 | 820-870 | 820-870 |
| ပဲလွန်းနီ | FAQ | 855-905 | 855-905 | 835-885 |
| ပဲထောပတ် | FAQ | 1050-1080 | 1050-1080 | 1050-1080 |
| | အခွံချွတ်အခြမ်း | 1150-1180 | 1150-1180 | 1150-1180 |
| ပြောင်းဆံ | | 310-330 | 310-330 | 310-330 |
| နှမ်းဖြူ | | 1770-1820 | 1770-1820 | 1770-1820 |
| နှမ်းနက် (စမုံ) | | 1620-1670 | 1620-1670 | 1650-1700 |
| နှမ်းညို | | 1440-1490 | 1440-1490 | 1440-1490 |
| နှမ်းနက် (ရိုးရိုး) | | 1440-1490 | 1440-1490 | 1440-1490 |
| မြေထောက်ပဲ(အနီ) | | 1435-1460 | 1410-1435 | 1410-1435 |
| မြေထောက်ပဲ(အဖြူ) | | 1125-1150 | 1125-1150 | 1125-1150 |
| ပဲယင်း(ဂါ) | | 690-715 | 690-715 | 690-715 |
| ပဲယင်း(နီ) | | 950-1000 | 950-1000 | 950-1000 |
| Azuki ပဲတီစိမ်း(နီ) | | 1250-1280 | 1250-1280 | 1250-1280 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB–YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 5.4.2023 to 11.4.2023 | 19.4.2023 to 25.4.2023 | 26.4.2023 to 2.5.2023 |
|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 475–485 | 485–500 | 495–505 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 470–475 | 475–485 | 485–495 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 465–470 | 470–475 | 480–485 |
| 4 | Myanmar Long Grain White Rice 20% Broken(well Milled Double Polished Sortexexd) | 460–465 | 465–470 | 470–475 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 455–460 | 460–465 | 465–470 |
| 6 | Myanmar Long Grain White Rice 5% Broken(Reasonable Well Milled) | 465–470 | 470–475 | 480–490 |
| 7 | Myanmar Long Grain White Rice 10% Broken(Reasonable Well Milled) | 460–465 | 460–465 | 470–480 |
| 8 | Myanmar Long Grain White Rice 15% Broken(Reasonable Well Milled) | 455–460 | 455–460 | 465–470 |
| 9 | Myanmar Long Grain White Rice 25% Broken(Reasonable Well Milled) | 450–455 | 450–455 | 450–460 |
| 10 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) (for Africa) | 445–450 | 445–450 | 450–460 |
| 11 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 500–510 | 500–510 | 510–520 |
| 12 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 490–500 | 490–500 | 500–510 |
| 13 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 480–490 | 480–490 | 490–500 |
| 14 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 470–480 | 470–480 | 485–490 |
| 15 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 480–490 | 490–500 | 500–510 |
| 16 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 475–480 | 480–490 | 490–500 |
| 17 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 470–480 | 470–480 | 480–490 |
| 18 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 455–460 | 465–470 | 475–480 |
| 19 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 500–510 | 500–510 | 510–520 |
| 20 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 490–500 | 490–500 | 500–510 |
| 21 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 480–490 | 480–490 | 490–500 |
| 22 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 460–465 | 460–465 | 480–490 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 500–510 | 510–520 | 515–525 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 490–500 | 500–510 | 510–515 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 480–490 | 490–500 | 500–510 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 470–480 | 480–490 | 490–500 |
| 27 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 540–550 | 550–560 | 550–560 |
| 28 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 530–540 | 540–550 | 540–550 |
| 29 | Myanmar Long Grain Parboiled Brown Rice 5% Broken | 460–470 | 460–470 | 460–470 |
| 30 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 540–550 | 540–550 | 540–550 |
| 31 | Myanmar Glutinous Rice 5% Broken | 650–700 | 650–700 | 650–700 |
| 32 | Myanmar Glutinous Rice 10 % Broken | 600–650 | 600–650 | 600–650 |
| 33 | Myanmar Glutinous Rice 15 % Broken | 590–600 | 590–600 | 590–600 |

**Source: MRF**

## ၂၀၂၃၊ ဧပြီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil | Brent Crude Oil | RBOB Gasoline | Narural Gas | Heating Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (USd/ gal) | USD/ MMBtu) | (USd/ gal) |
| 1 | 3.4.2023 | 79.88 | 84.22 | 275.93 | 2.09 | 269.69 |
| 2 | 4.4.2023 | 80.81 | 85.32 | 277.96 | 2.13 | 268.21 |
| 3 | 5.4.2023 | 81.12 | 85.41 | 276.03 | 2.10 | 269.29 |
| 4 | 6.4.2023 | 79.85 | 84.19 | 281.42 | 2.12 | 271.23 |
| 5 | 7.4.2023 | 80.70 | 85.12 | 281.33 | 2.01 | 266.05 |
| 6 | 18.4.2023 | 81.07 | 85.01 | 278.32 | 2.28 | 262.34 |
| 7 | 19.4.2023 | 80.75 | 84.62 | 273.85 | 2.36 | 259.51 |
| 8 | 20.4.2023 | 78.31 | 82.31 | 261.75 | 2.19 | 253.71 |
| 9 | 21.4.2023 | 77.29 | 80.98 | 259.30 | 2.20 | 249.32 |
| 10 | 24.4.2023 | 77.18 | 80.95 | 257.50 | 2.19 | 247.60 |
| 11 | 25.4.2023 | 78.81 | 82.78 | 262.98 | 2.24 | 253.07 |
| 12 | 26.4.2023 | 77.52 | 81.11 | 260.54 | 2.25 | 246.17 |
| 13 | 27.4.2023 | 74.52 | 78.05 | 255.50 | 2.12 | 238.60 |
| 14 | 28.4.2023 | 74.90 | 78.51 | 253.53 | 2.35 | 235.25 |

Source: Bloomberg Commodities

## ၂၀၂၃၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 1.3.2023 | 1832 | 1836 | N/A | N/A |
| 2 | 3.3.2023 | 1840 | 1844 | N/A | 2840000 |
| 3 | 6.3.2023 | 1857 | 1860 | N/A | 2838500 |
| 4 | 7.3.2023 | 1848 | 1853 | 2837000 | 2834000 |
| 5 | 8.3.2023 | 1811 | 1815 | 2825000 | 2824000 |
| 6 | 9.3.2023 | 1815 | 1819 | N/A | 2827000 |
| 7 | 10.3.2023 | 1830 | 1834 | N/A | 2831000 |
| 8 | 13.3.2023 | 1886 | 1890 | N/A | 2860000 |
| 9 | 14.3.2023 | 1904 | 1908 | 2885000 | 2885000 |
| 10 | 15.3.2023 | 1905 | 1909 | 2875000 | 2873000 |
| 11 | 16.3.2023 | 1915 | 1918 | N/A | 2880000 |
| 12 | 17.3.2023 | 1930 | 1936 | N/A | N/A |
| 13 | 20.3.2023 | 1965 | 1978 | N/A | 2955000 |
| 14 | 21.3.2023 | 1984 | 1990 | N/A | N/A |
| 15 | 22.3.2023 | 1943 | 1949 | N/A | N/A |
| 16 | 23.3.2023 | 1980 | 1984 | N/A | N/A |
| 17 | 24.3.2023 | 1994 | 1997 | N/A | N/A |
| 18 | 28.3.2023 | 1963 | 1967 | N/A | N/A |
| 19 | 29.3.2023 | 1969 | 1972 | N/A | 2909000 |
| 20 | 30.3.2023 | 1965 | 1968 | 2920000 | 2925000 |
| 21 | 31.3.2023 | 1984 | 1987 | 2935000 | 2930000 |

Source: Bullionvault,

## ၂၀၂၃၊ ဧပြီလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | နံနက် | ညနေ |
| 1 | 3.4.2023 | 2860-2865 | 2858-2860 |
| 2 | 4.4.2023 | 2855-2860 | 2855-2860 |
| 3 | 5.4.2023 | 2855-2860 | 2855-2860 |
| 4 | 6.4.2023 | 2855-2860 | 2850-2855 |
| 5 | 7.4.2023 | 2860-2865 | 2860-2863 |
| 6 | 18.4.2023 | N/A | 2855-2860 |
| 7 | 19.4.2023 | 2855-2860 | 2855-2860 |
| 8 | 20.4.2023 | 2855-2860 | 2845-2850 |
| 9 | 21.4.2023 | 2845-2850 | 2843-2848 |
| 10 | 24.4.2023 | 2845-2850 | 2850-2855 |
| 11 | 25.4.2023 | 2855-2860 | 2855-2860 |
| 12 | 26.4.2023 | 2860-2865 | 2863-2868 |
| 13 | 27.4.2023 | 2868-2873 | 2870-2875 |
| 14 | 28.4.2023 | 2865-2870 | 2868-2873 |

Source: e trade Myanmar

## ၂၀၂၃၊ ဧပြီလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 3.4.2023 | 2100.0 | 61.020 | 304.83 | 1577.1 | 25.496 | 1573.8 |
| 2 | 4.4.2023 | 2100.0 | 61.368 | 305.29 | 1583.4 | 25.554 | 1580.7 |
| 3 | 5.4.2023 | 2100.0 | 61.965 | 305.24 | 1583.7 | 25.614 | 1595.3 |
| 4 | 6.4.2023 | 2100.0 | 61.620 | 305.33 | 1580.0 | 25.621 | 1599.1 |
| 5 | 7.4.2023 | 2100.0 | 61.566 | 305.50 | 1579.2 | 25.666 | 1593.6 |
| 6 | 18.4.2023 | 2100.0 | 61.224 | 305.34 | 1576.2 | 25.598 | 1565.7 |
| 7 | 19.4.2023 | 2100.0 | 60.940 | 304.56 | 1570.9 | 25.541 | 1558.2 |
| 8 | 20.4.2023 | 2100.0 | 61.118 | 305.21 | 1575.5 | 25.563 | 1560.6 |
| 9 | 21.4.2023 | 2100.0 | 61.082 | 304.86 | 1573.0 | 25.580 | 1569.5 |
| 10 | 24.4.2023 | 2100.0 | 61.064 | 304.63 | 1573.7 | 25.639 | 1563.4 |
| 11 | 25.4.2023 | 2100.0 | 61.064 | 303.51 | 1572.0 | 25.634 | 1569.0 |
| 12 | 26.4.2023 | 2100.0 | 61.935 | 303.27 | 1573.3 | 25.687 | 1573.6 |
| 13 | 27.4.2023 | 2100.0 | 61.547 | 303.32 | 1571.7 | 25.660 | 1570.5 |
| 14 | 28.4.2023 | 2100.0 | 61.547 | 303.35 | 1570.3 | 25.664 | 1543.0 |

Source: Central Bank of Myanmar